ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

နဝမနေ့မှတ်တမ်း

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

[အင်္ဂါနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အချိန်၊ ၁၀း၀၁။

ဥက္ကဋ္ဌ။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၂။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၃။

ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ ၁၄-၈-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ နေပြည်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ အစည်းအဝေး။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဘတ်ဂျက်ညှိနှိုင်း အစည်းအဝေး။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးခင်မောင်အုန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ရေဘေးကယ်ဆယ်ရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)၊ ခွဲစိတ်ကုသမှုခံယူရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

အချိန်၊ ၁၀း၀၅။

ဥက္ကဋ္ဌ။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(၈)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ရေးမြို့၏ တဖြည်းဖြည်း တိမ်ကောလာနေသော သမိုင်းဝင် ကျုံးတော်ကြီးအား ရှေးဟောင်းအမွေအနှစ် တစ်ခုကို ထိန်းသိမ်းသည့် အနေအဖြစ်လည်းကောင်း၊ နွေရာသီ ရေရှားပါးသောကာလတွင် ရေးမြို့ပေါ်ရှိ ရေတွင်းရေကန်များအတွက် မြေအောက်ရေ သိုလှောင်သိမ်းဆည်းပေးရာ နေရာတစ်ခုအဖြစ် အသုံးပြုရန် လည်းကောင်း၊ ပြန်လည်တူးဖော်ရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။　　။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ရေးမြို့၏ တဖြည်းဖြည်း တိမ်ကောလာနေသော သမိုင်းဝင် ကျုံးတော်ကြီးအား ရှေးဟောင်းအမွေအနှစ်တစ်ခုကို ထိန်းသိမ်းသည့် အနေအဖြစ်လည်းကောင်း၊ နွေရာသီ ရေရှားပါးသောကာလတွင် ရေးမြို့ပေါ်ရှိ ရေတွင်း၊ ရေကန်များအတွက် မြေအောက်ရေ သိုလှောင်သိမ်းဆည်းပေးရာ နေရာတစ်ခုအဖြစ် အသုံးပြုရန် လည်းကောင်း၊ ပြန်လည်တူးဖော်ရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၈။

ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။　　။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးတဲ့နေရာမှာ ရည်ရွယ်ချက်(၃)ချက် ရှိပါတယ်။

Power Point သုံးစွဲခွင့်ပြုပါ။ ပထမအချက်က ရေရှားပါးပြတ်လပ်မှုကို ဖြေရှင်းချင်လို့။ ဒုတိယအချက်က ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်ကို ထိန်းသိမ်းချင်လို့ရယ်၊ တတိယအချက်က Public Recreation Center တစ်ခုအပြင် မြို့ကျက်သရေဆောင်အဖြစ် ရေရှည်အသုံးပြုနိုင်စေဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ဒီ ကျုံးကြီးဟာ ရေးမြို့အလယ်မှာ တည်ရှိပြီးတော့ မြို့အတွက် မြေအောက် ရေကို အဓိက သိုလှောင်ပေးထားတဲ့ Water source ဖြစ်ပါတယ်။ ကျုံးတစ်ပတ်ဟာ (၁)မိုင်ခွဲနီးပါးရှိ ပြီးတော့ ရေးမြို့ပေါ်မှာ ရေပေးဝေတဲ့ စနစ်မရှိလို့ အိမ်တိုင်း တွင်းရေကိုပဲ သုံးကြရပါတယ်။ အဲဒီပုံထဲမှာ အိမ်တွေရဲ့(၉၀)ရာခိုင်နှုန်းက ရေတွင်းအားလုံးဟာ ဒီကျုံးကြီးကို မှီခိုနေရပါတယ်။ ကျုံးရေခန်းရင် အဲဒီ ရေတွင်းတွေလည်း ခန်းကုန်ပါတယ်။

နွေအချိန်မှာဆိုလို့ရှိရင် ကျုံးနံဘေးပတ်လည်မှာရှိတဲ့ ရေတွင်းတွေက ရေကို စုပ်ပြီးတော့ ပြန်ဖြန့်တဲ့ ရေကားတွေ ရှိပါတယ်။ ရေးမှာ အဝီစိတွင်းက အကြောင်းအမျိုးမျိုးကြောင့် အလုပ်မဖြစ် ပါဘူး။ မြို့နယ်ဆေးရုံမှာ အဝီစိတွင်းတူးတာ (၃)တွင်းရှိပါပြီ။ ငွေကုန်လူပန်းတာကလဲပြီး အလုပ်မဖြစ်လို့ အခုဆို ကျုံးဘေးမှာပဲ ရေတွင်းတူးပြီးတော့ မော်တာနဲ့ရေတင်ပြီး သုံးနေရပါတယ်။ ဒီကျုံးကို ခေတ် အဆက်ဆက်အစိုးရအနေနဲ့ ပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့တာကြောင့် အခုဆိုရင် အတော်ကြီးကို တိမ်ကောနေပြီဖြစ်လို့ နွေကာလတစ်လျှောက်လုံး ရေကိုမထိန်းထားနိုင်တော့ပါဘူး။ ပုံမှာ ကျုံးပတ်လည်ကို

မြောင်းတူးထားတာကို တွေ့ရမှာပါ။ အကြောင်းကတော့ ဒီကျုံးအခုလို ကောလာတာမြင်တော့ မြေလပ်မြင်ရင် ဘီလူးသရဲစီးနေသူက အကွက်ရိုက်ရောင်းဖို့ ကြံစည်ခဲ့ကြလို့ ဖြစ်ပါတယ်။

ကျုံးကိုထိန်းသိမ်းထားလိုတဲ့ မြို့ခံတွေက ဦးဆောင်ပြီး အခုလို မြောင်းတူးကာကွယ်ထားတာကြောင့် ဒီကျုံးကြီးကို အခုလိုမြင်နေရတာ ဖြစ်ပါတယ်။ မဟုတ်ရင် ကျုံးတစ်ခြမ်းပျောက်သွားမှာသေချာပါတယ်။ ဒါကတော့ မိုးအခါနှင့် နွေအခါ မြင်ကွင်းတစ်ခုတည်းကနေ မှတ်တမ်းတင်ထားတဲ့ ဓာတ်ပုံ ဖြစ်ပါတယ်။ ကျုံးရေက ခြေချင်းဝတ်သာသာပဲ ရှိတော့လို့ နေပူရှိန်ကြောင့် ရေပူပြီးတော့ ငါးတွေ နွေအခါမှာ မရှင်သန်နိုင်ပါဘူး။ နွေအခါဆိုရင် ကျုံးနံဘေးပတ်လည်ဟာ လေကောင်းလေသန့်ထက် ငါးညှီနံ့သာ ဖုံးလွှမ်းနေလို့ အခုလိုငါးသေတွေကို လိုက်လံဆယ်ယူနေရတာ ဖြစ်ပါတယ်။ ဒီလိုဆယ်ထားတဲ့ ငါးတွေကို ဆာလာအိတ်နဲ့ စုထည့်ပြီး တစ်နေ့ကို ဆာလာအိတ် ၃ - ၄ အိတ်လောက် ပစ်ရပါတယ်။ ဒီနှစ် ရေအခြေအနေက ပိုဆိုးပါတယ်။ အိမ်မှာသုံးစရာရေမရှိလို့ ရေကားမှာရင်တောင် (၃)ရက်လောက်ကြိုပြီးတော့ Booking လုပ်ရတဲ့ အခြေအနေ ဖြစ်လာပါတယ်။ ဒါကြောင့် ဒီကျုံးကြီးကို အလျင်အမြန်ပြန်လည်တူးဖော်နိုင်ရေးအတွက် ဒီမေးခွန်းနဲ့ တောင်းခံရခြင်း ဖြစ်ပါတယ်။ ဒါက ဒီမေးခွန်းရဲ့ အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေးမြို့ကို လွန်ခဲ့သော နှစ်ပေါင်း(၁၃၀၀) လောက်က ထားဝယ်ဘက်က မာယာဒေဝီမင်းသမီးက စတင်တည်ထားခဲ့တာ ဖြစ်ပါတယ်။ မွန်ဘာသာနဲ့ဆိုရင် ဦးရေဝ် လို့ ခေါ်ပါတယ်။ အဓိပ္ပာယ်က ဦးင် ဆိုတာ မြို့၊ ရေဝ် ဆိုတာ စကားလို့ အဓိပ္ပာယ်ရပါတယ်။ ၁၉၆၉ ခုနှစ်မှာ မြို့လုံးကျွတ်မီးလောင်သွားပြီးတော့ အခုလက်ရှိမြို့က (၆)ကြိမ်မြောက် ပြန်တည်ထားတဲ့ မြို့ဖြစ်ပါတယ်။ မွန်တို့ရဲ့ ရှေးဟောင်းလက်ရာဘုရားကတော့ ပုံစံပြောင်းသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမြို့ရဲ့ သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ ဒီကျုံးကြီးကို မပျောက်မပျက် ဆက်လက်ထိန်းသိမ်းထားလိုခြင်းက ဒုတိယရည်ရွယ်ချက် ဖြစ်ပါတယ်။

တတိယအချက်က ပုံမှာ အပေါ်ပုံက အမေရိကန်နိုင်ငံ နယူးယောက်မြို့က Central Park ပဲ ဖြစ်ပါတယ်။ ပြည်သူတွေ အပန်းဖြေအနားယူနိုင်အောင် မြို့လယ်မှာ တမင်တကာကို ချန်လှပ်ထားတာ ဖြစ်ပါတယ်။ အလားတူ ကျွန်တော်တို့မြို့က ကျုံးကြီးဟာလည်း ရေးမြို့ရဲ့ အလယ်ဗဟိုမှာ တည်ရှိပြီးသားမို့ ရေးသူ၊ ရေးသားတွေက ကံကောင်းစွာနဲ့ အမွေရထားခြင်း ဖြစ်ပါတယ်။ ဒီကျုံးထဲမှာဆိုရင် လွတ်လပ်ရေးအထိမ်းအမှတ် လှေပြိုင်ပွဲတို့လို ပျော်ပွဲရွှင်ပွဲတွေ၊ အခါကြီးရက်ကြီးတွေမှာ ဘာသာရေးပွဲတော်တွေ၊ အဲဒါတွေအပြင် ကျွန်တော်တို့ နံနက်ခင်းမှာ ကျန်းမာရေးလိုက်စားရာ၊ ညနေခင်းမှာ ပြည်သူများအပန်းဖြေနားနေစရာ မြို့ကျက်သရေဆောင်တစ်ခုအဖြစ် ရေရှည်တည်တံ့စေလိုတဲ့အတွက် ဖြစ်ပါတယ်။ ဒါတွေကို စည်ပင်သာယာရေးဘတ်ဂျက်နှင့် ဆောင်ရွက်ဖို့ဆိုတာကလည်းပဲ လုပ်ငန်းပမာဏကြီးမားတဲ့အတွက်ကြောင့် မြို့အနေနဲ့ မတတ်နိုင်ပါဘူး။

အထက်ပါ အကြောင်းကြောင်းတွေကြောင့် နှလုံးခုန်နှုန်း တဖြည်းဖြည်းနှေးလာနေတဲ့ ရေးမြို့ရဲ့ ရှေးဟောင်းကျုံးကြီး နှလုံးခုန်ရပ်မသွားဘဲ ရေရှည်တည်တံ့နေစေရေး၊ မြို့မှာ သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်စေရေး၊ ပြည်သူများရဲ့ ကျန်းမာရေး၊ အပန်းဖြေအနားယူနိုင်ရေးတို့အတွက် တစ်ချက်ခုတ် သုံးချက်ပြတ်အနေနဲ့ ဒီကျုံးကြီး ပြန်လည်တူးဖော်ရေးအတွက် ပြည်သူတွေ ရွေးကောက်

တင်မြှောက်ပေးလိုက်တဲ့ အစိုးရအနေနှင့် ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲ ဆိုတာကို ဒီကျုံးကြီးကို အားကြိုးမာန်တက် ကာကွယ်ထားခဲ့ကြတဲ့ ရေးမြို့သူ၊ ရေးမြို့သားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရေးမြို့၏ ကျုံးနှင့် သာသနာ ၂၅၀၀စေတီပြုပုံ (၈)

ကျုံးကြီး၏ မိုးရာသီနှင့် နွေရာသီ၏ မြင်ကွင်းပုံ (၈-၁)

ညနေခင်း ကျုံးနံဘေးတွင် လာရောက်အပန်းဖြေသူများ မြင်ကွင်းပုံ (၈-၂)

အခြားနည်းသုံးစွဲခွင့်ပြုထားသော မြေနေရာများအား နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၂။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က အခြားနည်းသုံးစွဲခွင့်ပြုထားသော မြေနေရာများအား နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၃။

ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာသော ဝန်ကြီးနှင့်တကွ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေအား အခြားနည်းသုံးစွဲခွင့်ရရှိရန် လျှောက်ထားခြင်းအားခွင့်ပြုပေးခြင်းမှာ နိုင်ငံတော်မှ ကုန်ထုတ်စွမ်းအား မြင့်မားလာစေရန် ပံ့ပိုးပေးခြင်းဖြစ်ပြီး နိုင်ငံတော်မှလည်း သဘာဝအရင်းအမြစ်များကို ပြန်လည်ထိန်းကျောင်း စိစစ်ခြင်းပြုမည်ဟုလည်း ယုံကြည်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်အတွင်းရှိ ညောင်တုန်းမြို့နယ်နှင့် ဆက်စပ်လျက်ရှိသော ပန်းတနော်၊ ဓနုဖြူ ညောင်တုန်းမြို့နယ် (၃)မြို့နယ် နယ်စပ်ရှိ ကွင်းအမှတ် (၁၄၀)၊ (၁၄၁)၊ (၁၄၃)(က)၊ (၁၄၃)(ခ)အတွင်း ဧရိယာ(၄၈၃.၈၅)ဧကအား Asia light ကုမ္ပဏီမှ လန/၃၉ ရယူပြီးတော့ ၂၀၀၈ ခုနှစ်မှာ ကိုဉာဏ်လင်းအား မေတ္တာဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်းကြောင့် ယခုအချိန်မှာ ငါးကန်များ တူးဖော်၍ ငါးမွေးမြူရေးများ ဆောင်ရွက်နေပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ဒေသခံပြည်သူများမှ ၎င်းတို့ရှာဖွေစားသောက်နေသော အင်းချောင်းများ ပါသွားကြောင်းကို တိုင်ကြားချက်အရ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တကွ ကျွန်မတို့ ကွင်းဆင်းစိစစ်ရာမှာ အမှန် အင်းချောင်းများ ပါဝင်နေကြောင်းကိုလည်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ ဒီနေရာမှာ အဓိကပြောလိုတာကတော့ အခြားနည်းသုံးစွဲခွင့်အား ချထားပေးရာမှာ စည်းကမ်းချက်များ၌ အင်းချောင်းများ ရှောင်ရှားရမည်ဟု ပါရှိထားပြီးလည်း ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနမှလည်း စိစစ်၍ ထောက်ခံချက်ပေးရမည်ဖြစ်ပြီး အခြားနည်းသုံးစွဲခွင့်အား မြေစာရင်းမှ ချထားပေးရခြင်းလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လက်ရှိမှာ အင်းချောင်းနှင့်ဆက်စပ်နေသော ကန်များဟာ ငါးကန်အတွင်းသို့ ငါးရိုင်းများ သွင်းမွေးမြူခြင်း၊ အင်းသမားနှင့်ကန်သမား ပြဿနာတက်နေခြင်းဟာ နှစ်စဉ်ဖြေရှင်းနေရသောကိစ္စလည်းဖြစ်ပါတယ်။ အစိုးရအနေဖြင့်လည်း ငါးကန်မှရတဲ့အခွန်ဟာ (၁)ဧကမှာ ကျပ်(၃၀၀၀) နှုန်းသာရရှိပြီး အင်းချောင်းမှရရှိသောအခွန်ဟာ လေလံစျေးကွက်ဖြစ်သောကြောင့် ကျပ်သိန်းရာချီ၍ အတိုင်းအဆမရှိ ရရှိပါတယ်။ ဆက်လက်ပြီး ထိုကဲ့သို့ ကိစ္စရပ်များဟာ မအူပင်မြို့နယ်မှာလည်း များစွာရှိနေပါတယ်။ ပင်လုံရတနာကုမ္ပဏီမှ သုံးခွကျွန်းမှာ ဦးပိုင်အမှတ် (၄၈၁-ဂ)ကွင်းမှာ (၆၀၆.၂၄)ဧက၊ လယ်ကိုင်းကျေးရွာကွင်းမှာ (၄၁၉-က)ကွင်းအတွက် (၉၂.၀၇)ဧက၊ တောင်တန်းရှေ့ကျေးရွာကွင်း

(၄၁၈-င)ကွင်း မှာတော့ (၁၅၆.၀၂)ဧက၊ ပတုတ်ကွင်းအမှတ်(၄၁၉)မှာတော့ (၂၉၆)ဧကနှင့် စုစုပေါင်း (၁၁၅၀.၃၃)ဧကတို့ဖြစ်ပြီးတော့ ကံကုန်းကျေးရွာမှာ၊ ကျုံကလိုင်ကွင်းအမှတ် (၈၃၅)မှာ (၁၇၇)ဧက၊ သောင်ဇား ကျေးရွာမှာတော့ Myanmar Naing Group ကုမ္ပဏီမှနေ (၁၄၂၂၃.၀)ဧက စသည်ဖြင့် လန/၃၉ များရယူထားပြီးတော့ အနည်းငယ်သာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး တူးထားတဲ့ ငါးကန်များမှာလည်း အင်းချောင်းများ ပါဝင်နေကြောင်းကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ အခြားနည်းသုံးစွဲခွင့်အား ပုဒ်မ ၃၀ အရ ခွင့်ပြုထားပြီး နည်းဥပဒေ ၈၄ အရ စိစစ်ရန်နှင့် နည်းဥပဒေ ၈၆ အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးမှ တိုင်းဒေသကြီး၊ ပြည်နယ်သို့ ဆက်လက်တင်ပြရန်လိုပြီး နည်းဥပဒေ ၉၀၊ ၉၁ အရ ကွင်းဆင်းစိစစ်ခြင်း ဓာတ်ပုံမှတ်တမ်းနှင့်အတူ ပုံစံ ၁၆ ဖြင့် (၆)လတစ်ကြိမ် အစီရင်ခံရမယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ပြောချင်တာက ကွင်းဆင်းစိစစ်တဲ့နေရာမှာ မှတ်တမ်းဓာတ်ပုံအရ ကျွန်မတို့ဟာ ကန်ရေပြင်ကို မြင်နေရုံ၊ ငါးများမွေးမြူထားကြောင်း ဓာတ်ပုံတွေ တွေ့ရုံလောက်နဲ့ လုံလောက်မှု လုံးဝမရှိပါဘူးရှင်။ ငါးကန်တစ်ဧကမှာ ငါးမွေးမြူနိုင်တဲ့ အခြေအနေတွေ၊ သူ့ရဲ့ငါးကန်မှာ တန်ချိန်ဘယ်လောက်ထွက်နေလဲ၊ နိုင်ငံတကာကို တင်ပို့နိုင်တဲ့ ရောင်းချမှုအခြေအနေ၊ ပြည်တွင်းမှာ ရောင်းချနေတဲ့ အခြေအနေတွေ၊ ပြည်ပမှာ ပို့ကုန်အဖြစ် ရောင်းချနေတဲ့ အခြေအနေတွေ၊ ဒီငါးတွေရဲ့ ကျန်းမာရေးစိစစ်နေမှုနှင့် အာမခံချက်၊ အစိုးရသို့ ငါးကန်တွေက ထမ်းဆောင်နေရတဲ့ အခွန် စသည်တို့ကို ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြီးကြပ်ထိန်းကျောင်းရန် လိုပါတယ်ရှင်။

သို့ဖြစ်ပါ၍ အခြားနည်း သုံးစွဲခွင့်ရရှိထားသော မြေနေရာများမှာ အင်းချောင်းများ ပါဝင်နေခြင်းအား ပြန်လည်စိစစ်ပေးရန်နှင့် ပြန်လည်စိစစ်ခြင်းနှင့်အတူ ကျွန်မရဲ့ မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ အခြေအနေများအား ဥပမာပေး၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်မှ စဉ်ဆက်မပြတ် စိစစ်ထိန်းကျောင်းပေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် မိမိတို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများ ဆုံးရှုံးသွားသော ဒေသခံများအား ၎င်းတို့၏ ရွာများဝန်းကျင်ရှိ မြေလွတ်၊ မြေလပ်(၁၉၀၀)ဧကခန့်ကို စိုက်ပျိုးနိုင်သည့် မြေဖြစ်အောင် ပြုပြင်ပေးပြီး ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၈။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ် က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် မိမိတို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများ ဆုံးရှုံးသွားသော ဒေသခံများအား ၎င်းတို့၏ ရွာများဝန်းကျင်ရှိ မြေလွတ်၊ မြေလပ်(၁၉၀၀)ဧကခန့်ကို စိုက်ပျိုးနိုင်သည့် မြေဖြစ်အောင် ပြုပြင်ပေးပြီး ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၈။

ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယ

ဝန်ကြီးများနှင့် ကျွန်တော်တို့ ဒီ လာရောက်လေ့လာသူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနူတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျွန်တော့်မဲဆန္ဒနယ်မှာ တိုက်ရိုက်ပါဝင်နေတဲ့ စလင်းကြီး မြို့နယ်နှင့် ပတ်သက်တဲ့ ပြည်ထောင်စုအစိုးရ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် တရုတ်နိုင်ငံက ဝမ်ပေါင် သတ္တုတူးဖော်ရေးကုမ္ပဏီတို့ ပူးပေါင်းပြီးတော့ ထုတ်လုပ်နေတဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အဲဒီ စီမံကိန်းကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလက စပြီးတော့ အထက်ပါ ပြည်ထောင်စုအစိုးရ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် ဝမ်ပေါင် သတ္တုတူးဖော်ရေး ကုမ္ပဏီတို့က Production Sharing Contract နဲ့လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ မြေဧရိယာပေါင်း (၇၈၆၇.၇၈)ဧကကို သိမ်းခဲ့ပါတယ်။ အဲဒီမှာ ရွာပေါင်း (၂၆)ရွာနှင့် တောင်(၃၃)လုံး ပါဝင်ခဲ့ပါတယ်။ အဲဒီလိုသိမ်းပြီးတော့ ကျွန်တော်တို့ လျော်ကြေးတွေပေးခဲ့တယ်။ ဒေသခံတွေက လျော်ကြေးမယူချင်ပေ မယ့်လည်း မူလအတိုင်းပဲ သူတို့ စိုက်ပျိုးရေး၊ မွေးမြူရေးတွေနဲ့ သူတို့ရဲ့ရွာ၊ သဘာဝပတ်ဝန်းကျင်ကို အထိခိုက်မခံဘဲနဲ့ နေချင်ပေမယ့်လည်း အဲဒီကာလက ဖိအားပေးမှုအခြေအနေတွေကြောင့် ကျွန်တော်တို့ အများစုကတော့ လျော်ကြေးယူခဲ့ကြပါတယ်။

သို့ပေမယ့် ဝက်မှေး၊ ဇီးတော၊ ဆည်တဲ၊ မိုးကြိုးပြင်၊ တုံရွာအုပ်စု စတဲ့အုပ်စုတွေကတော့ ကျွန်တော်တို့ ဒါဟာ သူတို့အပေါ်မှာ တရားမျှတမှုမရှိဘူးလို့ ယူဆတဲ့အတွက် လျော်ကြေးမယူခဲ့ကြ ပါဘူး။ ကျွန်တော်တို့ လျော်ကြေးမယူခဲ့ကြတဲ့ ဧကပေါင်းက (၆၇၈၄) အတွက်သာ လျော်ကြေးပေးခဲ့ပြီး ကျန်ဧကတွေကို မယူခဲ့ကြပါဘူး။ အဲဒီအချိန်တုန်းက ဆန္ဒပြမှုတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ဖြစ်ရင်းနဲ့ ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီးတော့ ရွာသားတွေက သပိတ်စခန်းဖွင့်ပြီး ဆန္ဒပြခဲ့ ကြတယ်။ အဲဒီမှာ ၂၉-၁၁-၂၀၁၂ ရက်နေ့၊ နံနက် ၃ နာရီမှာ လုံခြုံရေးတပ်တွေက ဖြိုခွင်းခဲ့တဲ့အတွက် ကျွန်တော်တို့ ဒါ သံယာတော်(၉၆)ပါးနဲ့ ----------

ဥက္ကဋ္ဌ။ ။ ကိုယ်စားလှယ်ကြီး။ မေးခွန်းကို လိုတဲ့မေးခွန်း။ လိုရင်းပြောပါ။ ဒီထဲက ပြန်ပြီးတော့ စိုက်ပျိုးနိုင်တဲ့မြေဖြစ်အောင် ပြန်လုပ်နိုင်ခြင်း ရှိ/မရှိ။ မေးခွန်းနဲ့ အကြောင်းအရာ လိုရင်း သာမေး။

ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ။ ကျွန်တော် ဒါ အခြေခံကို နည်းနည်းပြောတာပါ။ အဲဒီတော့ ကျွန်တော်လိုချင်တာက အဲဒီလိုဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင် ဖွဲ့ခဲ့တယ်။ အဲဒီကော်မရှင်က ၁ - ၃ - ၂၀၁၃ ရက်နေ့မှာ ကော်မရှင်ရဲ့ အပြီးသတ် အစီရင်ခံစာထွက်ခဲ့ပါတယ်။ အဲဒီအစီရင်ခံစာမှာ ပါခဲ့တာက ကျွန်တော်တို့ မြေသိမ်းမှုက (၇၈၆၇.၇၈) ဧကသိမ်းခဲ့တာဟာ ပိုလျှံနေတယ်။ လိုတာထက်ပိုတယ်ဆိုတာကို ပါခဲ့တယ်။ နောက်တစ်ချက်ကတော့ ဒေသခံတွေဆုံးရှုံးသွားတဲ့ လယ်ယာမြေတွေကို အစားပေးတဲ့အနေနဲ့ ၎င်းရွာ ပတ်ဝန်းကျင်မှာ မြေလွတ်၊ မြေရိုင်း(၁၉၀၀)ဧကကို စိုက်ပျိုးနိုင်တဲ့မြေတွေဖြစ်အောင် ပြုပြင်ပေးပြီးတော့ ခွဲဝေပေးသင့်တယ်လို့

အစီရင်ခံစာက အကြံပြုခဲ့တယ်။ သို့သော် ဒီနေ့အချိန်ထိ အဲဒီမြေတွေကို ဒေသခံတွေ မရသေးပါဘူး။ ခွဲဝေပေးတာလည်း လုံးဝမလုပ်သေးပါဘူး။ အဲဒါကြောင့်မို့လို့ ဒေသခံတွေအနေနဲ့ ၂၀၁၆ ခုနှစ်မှာလည်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ စာရေးခဲ့တယ်။ ၂၀၁၈ ခုနှစ်မှာလည်း ကျွန်တော်တို့ သက်ဆိုင်ရာ ဒေါ်အောင်ဆန်းစုကြည် အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နောက်ပြီးတော့ ကာကွယ်ရေးဦးစီးချုပ်တို့ထံကိုလည်း စာရေးပြီးတော့ သူတို့ရဲ့ အခြေအနေတွေကို တင်ပြခဲ့ပါတယ်။

ယခုလက်ရှိအချိန်မှာတော့ ဒေသခံတွေက ကျွန်တော်တို့ နိုင်ငံသားတွေပါ။ အဲဒီတော့ အလွန်ကို ဆင်းရဲနေကြပါတယ်။ အဲဒီတော့ သူတို့ရဲ့ လက်လုပ်၊ လက်စားဘဝနဲ့ ဆက်လက် ရပ်တည်တဲ့နေရာမှာ တချို့ဆိုလို့ရှိရင် သူတို့အလုပ် လက်မဲ့တွေ ဖြစ်နေကြတယ်။ စိုက်ပျိုးစရာလည်း မြေမရှိဘူး။ တခြားလုပ်ကိုင်စရာလည်း မြေမရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့ဆိုရင် သား၊ သမီးတွေကိုတောင် ကျောင်းမထားနိုင်ဘဲ ကျောင်းထုတ်ရတယ်။ အိမ်တွေတောင်မှ ကျွန်တော် ရောက်တဲ့အချိန်မှာလည်း အမိုးတောင်မမိုးနိုင်ဘဲနဲ့ ကျွန်တော်တို့ နေမြင်၊ လမြင်နဲ့နေရတဲ့ဘဝ၊ အလွန်တရာမှ နုံခြာတဲ့ဘဝနဲ့ နေနေရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိစုံစမ်းစစ်ဆေးရေးကော်မတီရဲ့ အစီရင်ခံစာမှာ အကြံပေးထားတဲ့၊ အကြံပြုထားတဲ့အတိုင်း ကျွန်တော်တို့ ဒီဧက(၁၉၀၀)ကို အမြန်ဆုံး ဖော်ထုတ်ပြီးတော့ ဒီသက်ဆိုင်ရာဒေသခံတွေကို ကျွန်တော်တို့ မျှဝေပေးဖို့၊ အဲဒီဧက(၁၉၀၀)ဟာလည်း ရွာနဲ့နီးတဲ့နေရာ၊ လုပ်နိုင်တဲ့နေရာ မိုင်(၃၀၊ ၄၀) မဟုတ်ဘဲနဲ့ တကယ် သူတို့လုပ်နိုင်တဲ့၊ စိုက်နိုင်၊ ပျိုးနိုင်တဲ့ မြေဖြစ်အောင် လုပ်နိုင်တဲ့နေရာမှာ ဖော်ထုတ်ပေးဖို့ ဒေသခံတွေက လိုလားနေကြပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒေသခံတွေရဲ့ အကျိုး၊ ဆင်းရဲသားတွေရဲ့အကျိုး၊ ဒီမိုကရေစီအစိုးရတက်တဲ့ အချိန်မှာ ဒီဟာတွေဟာ ကျွန်တော်တို့ သက်တမ်းမှာ လုံးဝလုပ်ပေးနိုင် ----------

ဥက္ကဋ္ဌ။　　။ နိဂုံးချုပ်ပါတော့။

အချိန်၊ ၁၀း၂၃။

ဥက္ကဋ္ဌ။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၂၃။

ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်မှာ မေးခွန်း(၃)ခုအနက် မေးခွန်း(၂)ခုက သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့်စပ်လျဉ်းတဲ့ မေးခွန်းများဖြစ်တဲ့အတွက် ဝန်ကြီးဌာနက ကိုယ်စားပြု ဖြေကြားမှာဖြစ်သလို မေးခွန်း(၁)ခုကတော့ ဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်စပ်တဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ ရေးမြို့ရဲ့ တဖြည်းဖြည်း တိမ်ကောလာနေတဲ့ သမိုင်းဝင်ကျုံးတော်ကြီးကို

ရှေးဟောင်းအမွေအနှစ်တစ်ခု ထိန်းသိမ်းတဲ့အနေနဲ့လည်းကောင်း၊ နွေရာသီ ရေရှားပါးတဲ့အခါမှာ ရေးမြို့မှာရှိတဲ့ ရေတွင်း၊ ရေကန်တွေအတွက် မြေအောက်ရေ သိုလှောင်သိမ်းဆည်းပေးရာ နေရာတစ်ခု အဖြစ်လည်းကောင်း ပြန်လည်တူးဖော်ပေးရေးနှင့်ပတ်သက်၍ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင် မည်ဆိုတာကို မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေးမြို့ရဲ့ကျုံးတော်ကြီးဟာ ကျုံးအပေါ်ပိုင်းနဲ့ အောက်ပိုင်းဆိုပြီး နှစ်ပိုင်း ရှိပါတယ်။ ကျုံးအပေါ်ပိုင်းအနေနဲ့ (၈)ဧကရှိပြီးတော့ အနက်(၅)ပေထိ ပြန်လည်တူးဖော်မယ်ဆိုရင် မြေကြီးကျင်း(၂၀၂၀၀)ခန့် တူးဖော်ရမှာဖြစ်ပါတယ်။ အဆိုပါ ကျုံးအပေါ်ပိုင်း တူးဖော်မှုအတွက် ခန့်မှန်းကုန်ကျငွေကို စိစစ်တဲ့အခါမှာ ကျပ်သန်းပေါင်း(၁၃၃.၄)သန်းခန့် ကုန်ကျမယ်ဖြစ်ကြောင်း စိစစ် ရရှိပါတယ်။ ကျုံးအောက်ပိုင်းအနေနဲ့ (၁၉)ဧကရှိပြီး အနက်(၅)ပေ ပြန်လည်တူးမယ်ဆိုရင် မြေကြီး ကျင်း(၄၆၀၀၀)ခန့် တူးဖော်ရမှာဖြစ်တဲ့အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၂၈၄.၆)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျုံးတော်ကြီး တူးဖော်မှုလုပ်ငန်းအတွက် စုစုပေါင်းခန့်မှန်း ကုန်ကျငွေဟာ ကျပ်သန်းပေါင်း(၄၁၈)သန်း ကုန်ကျမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ ရေးမြို့ရဲ့ကျုံးတော်ကြီး အပေါ်ပိုင်းနှင့် အောက်ပိုင်း ပြန်လည်တူးဖော်ဖို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ယခုလာမယ့်(အောက်တိုဘာလ-စက်တင်ဘာလ) ရန်ပုံငွေလျာထားချက်စာရင်းမှာ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ထည့်သွင်းလျာထားခြင်း မရှိသေးတဲ့အတွက် လတ်တလောအားဖြင့် ဆောင်ရွက်ရန် အစီအစဉ် မရှိသေးတဲ့အခြေအနေဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ဖြေကြားထား ပါတယ်။

တစ်ဖက်မှာလည်း ကျုံးတော်ကြီးဟာ ရှေးဟောင်းမြို့ သမိုင်းဝင်ကျုံးတော်ကြီး ဖြစ်တဲ့ အတွက် ရှေးဟောင်းဒေသ၊ ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းတွေ ကာကွယ် စောင့်ရှောက်နိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဥပဒေ၊ နည်းဥပဒေနှင့်အညီ သဘောထားခွင့်ပြုချက် ရယူပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း ရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ရေဝေရေလဲနှင့် လူနေအိမ်ခြေများအတွင်း မလိုလားအပ်တဲ့ ရေကြီးရေလျှံမှုတွေ မဖြစ်စေဖို့အတွက် ကျွမ်းကျင်ပညာရှင်ကြီးများနဲ့ စူးစမ်းလေ့လာပြီးတော့ ကျုံးကြီးတူးဖော်ရေး လုပ်ငန်းကို ရှေးမူမပျက် စီမံဆောင်ရွက်သွားမယ့်အစီအစဉ်များ ဦးစွာချမှတ် လုပ်ကိုင်ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါ စီစဉ်ဆောင်ရွက်မှုအရ အကောင်အထည်ဖော်တဲ့ လုပ်ငန်းပမာဏနှင့်အညီ ရန်ပုံငွေကိုလျာထားပြီး ပြန်လည်တူးဖော်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ရဲ့ အခြားနည်းသုံးစွဲခွင့်ပြုထားတဲ့ မြေနေရာတွေကို နိုင်ငံတော်ရဲ့ မျှော်မှန်းချက်များနှင့် ညီညွတ်မှုရှိစေဖို့ မည်ကဲ့သို့ ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံနဲ့အဝန်း စိုက်ပျိုးမြေတွေ တည်ရှိတဲ့လယ်ယာမြေတွေပေါ်မှာ အခြားနည်းအသုံးပြုမယ်ဆိုရင် လယ်ယာမြေဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀(က)၊ ၃၀(ခ) တို့အရ လျှောက်ထားနိုင်ပြီးတော့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ လယ်မြေဖြစ်မယ်ဆိုရင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေရဲ့ စိစစ်ထောက်ခံချက်အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုရဲ့ အတည်ပြုချက်ဖြင့် ဆောင်ရွက်ပါတယ်။ လယ်မြေမှတပါး အခြားလယ်ယာမြေဖြစ်မယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဥပဒေပါညွှန်ကြားချက်များနှင့်အညီ စိစစ်ခွင့်ပြုပေးမှုရှိပါတယ်။ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားတဲ့နေရာမှာ လျှောက်ထားလိုသူတွေက အမှန်တကယ်အသုံးပြုမည်ဖြစ်ကြောင်း ကတိခံဝန်ချက်ပြုရပါတယ်။ လုပ်ငန်းစီမံချက် ရေးဆွဲတင်ပြရပါတယ်။ အသုံးပြုမယ့် အဆောက်အအုံပြမြေပုံ (Site Plan)နဲ့ လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး သက်ဆိုင်ရာဦးစီးဌာနတွေရဲ့ ထောက်ခံချက်၊ ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကစပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့ရဲ့သဘောထားမှတ်ချက်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ သဘောထားမှတ်ချက်တို့ ပြည့်စုံစွာတင်ပြဖို့ လိုအပ်ပါတယ်။

လယ်ယာမြေအခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်ထုတ်ပေးတဲ့နေရာမှာ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံစရိတ်ကို ထိခိုက်နိုင်မှု ရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု ရှိ/မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုတဲ့လုပ်ငန်းများ ဖြစ်/မဖြစ် စိစစ်ပြီး သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်း ရှိပါတယ်။ ဒီအချက်အလက်တွေဟာ လယ်ယာမြေ အခြားနည်းအတွက်၊ ဆောင်ရွက်ဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုအခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေအခြားနည်း သုံးစွဲခွင့်နဲ့ပတ်သက်ပြီး လယ်ယာမြေဥပဒေ ပုဒ်မ ၃၁ မှာ အခြားနည်းအသုံးပြုမှု ခွင့်ပြုချက်ရတဲ့နောက် ခွင့်ပြုတဲ့ကာလအတွင်း (၆)လအတွင်းမှာ သတ်မှတ်တဲ့နည်းလမ်းအတိုင်း စတင်အသုံးမပြုရင်သော်လည်းကောင်း၊ သတ်မှတ်တဲ့ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိလျှင်သော်လည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်တယ်လို့ ပြဋ္ဌာန်းပါရှိတဲ့အတွက်ကြောင့် ခွင့်ပြုမိန့်ရမယ်ဆိုရင် ကာယကံရှင်တွေက ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)နှင့် ၃၀(ခ)တို့အရ လယ်ယာမြေမှတပါး လယ်ယာမြေ အခြားနည်း သုံးစွဲခွင့်ပြုပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနဲ့ စပ်လျဉ်းပြီးတော့ မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ အခြားနည်းအသုံးပြုခွင့်ပေးခဲ့ခြင်း အပေါ် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေတွေကို နည်းဥပဒေ အပိုဒ် ၉၁၊ ၉၂ တို့အရ စိစစ်ကြပ်မတ် ဆောင်ရွက်နိုင်ဖို့အတွက် အားလုံးစီမံလုပ်ကိုင်လျက်ရှိပြီးတော့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ရဲ့ အခြားနည်းသုံးစွဲခွင့်ပြုထားတဲ့ မြေနေရာတွေကို နိုင်ငံတော်ရဲ့ မျှော်မှန်းချက်နဲ့အညီ ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုခြင်းနဲ့

စပ်လျဉ်းပြီးတော့ ပါဝင်တဲ့အင်းချောင်းပါ ကိစ္စရပ်နဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဟာ ၎င်းတို့ရဲ့ တိုင်းဒေသကြီးရဲ့ ရေချိုငါးလုပ်ငန်းဥပဒေနဲ့ စီမံခန့်ခွဲမှုရှိတဲ့အလျောက် အဆိုပါ စိစစ်မှုလုပ်ငန်းတွေကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ပြန်လည်စိစစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်အိအိပြုံး ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ရဲ့ မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် မိမိတို့ရဲ့ စိုက်ပျိုးလုပ်ကိုင်နေရတဲ့ လယ်ယာမြေတွေ ဆုံးရှုံးသွားတဲ့ ဒေသခံတွေကို ၎င်းတို့ရဲ့ရွာများဝန်းကျင်မှာရှိတဲ့ မြေလွတ်၊ မြေလပ် ဧက(၁၉၀၀)ခန့်ကို စိုက်ပျိုးနိုင်တဲ့မြေဖြစ်အောင် ပြုပြင်ပေးပြီး ခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းနဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာမှာပါရှိတဲ့ စိုက်ပျိုးမြေဧရိယာ ဧက(၁၉၀၀)ကို ရှာဖွေဖော်ထုတ်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၇ - ၁၁ - ၂၀၁၇ ရက်စွဲပါစာအမှတ် ၃/၆-၃(၁၁၁)/(၆၇၂) အထွေထွေနဲ့ စိုက်ပျိုးမြေဧရိယာ ဧက(၁၉၀၀) ရှာဖွေ ဖော်ထုတ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးတော့ မြေအဖြစ်ဖော်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရပါတယ်။

ကွင်းဆင်းစစ်ဆေးချက်အရ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် ရရှိခဲ့သော်လည်း လုပ်ကိုင်ခြင်းမရှိတဲ့ မြေလွတ်၊ မြေရိုင်းတွေကို လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ ပါဝင်သွားခဲ့တဲ့ တောင်သူများအတွက် အစားထိုးမြေ ဖော်ထုတ်ပေးနိုင်မယ့်ဧရိယာ စုစုပေါင်း(၁၇၂၇)ဧကရှိကြောင်း စိစစ်ဖော်ပြတာ သိရှိရပါတယ်။ ယင်းမာပင်မြို့နယ်၊ ညောင်ကိုင်းကျေးရွာအုပ်စု၊ ကွင်းပေါင်း(၂)ကွင်းမှာ (၉၁၆)ဧက၊ ကနီမြို့နယ်၊ ဇီးပင်တွင်းကျေးရွာအုပ်စုနှင့် တောင်ပေါက်ကျေးရွာအုပ်စုတို့မှာရှိတဲ့ ကွင်း(၃)ကွင်းမှာ (၈၁၁)ဧကနဲ့ စုစုပေါင်းဧရိယာဧက(၁၇၂၇)ဧကရှိကြောင်း စိစစ်ဖော်ပြမှု တွေ့ရှိရပါတယ်။

စိုက်ပျိုးမြေဧရိယာ ဧက(၁၉၀၀) ရှာဖွေဖော်ထုတ်ရေးကော်မတီမှ စိစစ်တင်ပြတဲ့ (၁၇၂၇) ဧကကို အစားထိုးဖော်ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှာ ပါသွားတဲ့ တောင်သူများအနေနဲ့ လုပ်ကိုင်လိုခြင်း ရှိ/မရှိ ဆန္ဒသဘောထားကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မေးမြန်းဆောင်ရွက်ဆဲဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မေး မေး မေး။

ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ။ အခုလို မွန်ပြည်နယ်အစိုးရ အဖွဲ့ရဲ့သဘောထားကို လာဖြေပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ကျွန်တော့်ရဲ့ မေးခွန်းထဲမှာပါတဲ့ အဓိကအချက်ကိုက ရေးမြို့မှာရှိတဲ့ ရေတွင်းတွေ ရေမခန်းဖို့အတွက်။ အဲဒီလို မခန်းဖို့ဆိုရင် ဒီကျုံးကြီးကို အလျင်အမြန် ပြန်လည်တူးဖော်မှရမယ်ဆိုတဲ့အချက်က ကျွန်တော့်ရဲ့ အဓိကအချက် ဖြစ်ပါတယ်။ ဒီ ရှေးဟောင်းပစ္စည်းဆိုတာက ကျွန်တော်တို့ ကျုံးမှာ ရှေးဟောင်းပစ္စည်း ထိန်းသိမ်းဖို့က ရေနဲ့မြေကြီးပဲ ရှိပါတယ်။ အဲဒီတော့ ဒါကို ကျွန်တော်တို့ အလျင်အမြန် မတူးဖော်ဘူး ဆိုလို့ရှိရင် နောင်နှစ်မှာ ရေရှားပါးပြတ်လပ်မှုတွေဟာ ဒီနှစ်ထက်ပိုပြီးတော့ ဆိုးလာမှာဖြစ်ပါတယ်။ အဲဒီတော့ အခုအဖြေအရဆိုလို့ရှိရင် နောင်နှစ် တစ်နှစ်လုံး ဘာမှလုပ်နိုင်မယ့်ပုံပေါ်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ဒီနှစ်မှာ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့မေးချင်တာက တကယ်လို့ ဒီ ရေပြတ်လပ်မှုတွေ မဖြစ်အောင် ဒီကျုံးကို အကန့်လိုက် ပိုင်းပြီးတော့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ရေလျှောင်ကန် အနေနဲ့ပဲ ဖြစ်ဖြစ် ယာယီတူးထားမယ်ဆိုလို့ ရှိရင်တော့ ကျွန်တော်တို့ရဲ့ မြေအောက်ရေ အတွက် ယာယီ၊ Project ကြီးမဟုတ်သော်လည်းပဲ ယာယီအစီအစဉ်အနေနဲ့ ထိန်းသိမ်းနိုင်မှုရှိပါတယ်။ အဲဒီတော့ မွန်ပြည်နယ် အစိုးရအဖွဲ့ရဲ့ သဘောထားအနေနဲ့ မဟုတ်ဘဲနဲ့ ဝန်ကြီးဌာနအနေနဲ့ရော ဒီ အပေါ်မှာ ဘယ်လိုကူညီ ဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ ဝန်ကြီးဌာနရဲ့ သဘောထားကိုလည်းပဲ သိချင်လို့ ကျွန်တော် ဆက်စပ် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။　　။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးဝင်း ရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပေးပါမယ်။ နွေရာသီရေရှားပါးတဲ့ကာလမှာ ရေတွင်း၊ ရေကန်တွေအတွက် မြေအောက်ရေ သိုလှောင်ပေးတဲ့နေရာတစ်ခုအဖြစ် အသုံးပြုနေတဲ့ ရေးမြို့ရဲ့သမိုင်းဝင် ကျုံးတော်ကြီးဟာ ဒီရှေးဟောင်း အမွေအနှစ်လည်း တစ်ခုဖြစ်တဲ့အလျောက် အဖက်ဖက်ကနေပြီးတော့ စီမံဆောင်ရွက်သွားဖို့ သင့်တယ် ဆိုတာကိုလည်း မိမိတို့ဝန်ကြီးဌာန သဘောထားအရခံယူပါတယ်။ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားတဲ့ ကန်တော်ကြီး မဟုတ်သော်ငြား လည်းပဲ ကျုံးတော်ကြီး ပြန်လည်တူးဖော်ပေးလိုက်တဲ့အခါမှာ ဒေသရဲ့ ရေလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်တဲ့အတွက် များစွာလည်း အကျိုးရှိမယ့်အနေအထားမျိုးလည်း ဖြစ်ပါတယ်။

ထိုလုပ်ငန်းကို အကောင်အထည်ဖော်ပေးမယ်ဆိုရင်တော့ မိမိတို့ ဆည်မြောင်းနှင့်ရေ အသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့နည်းပညာနဲ့ အကူအညီများပေးပြီး ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်းပဲ လတ်တလောလိုအပ်ချက်ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်မယ်ဆိုလို့ရှိရင် အဆင်ပြေချောမွေ့သွားမယ့် အနေအထားမျိုးရှိတဲ့အလျောက် မိမိတို့အနေနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့အထဲမှာ ပါသွားသလို ရေးမြို့နယ် နှလုံးခုန်ရပ် မသွားအောင် ကူညီဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

အချိန်၊ ၁၀း၃၅။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့် ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၀း၃၆။

ဒေါ်အိအိပြုံး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။ အားလုံးပဲ မင်္ဂလာပါရှင်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းမှာ ပြင်ဆင်လိုတဲ့ အချက်များကို ကျွန်မ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပေါ်မှာ မူတည်ပြီးတော့ ကျိုးကြောင်းဖော်ပြချက်များနဲ့ ဆွေးနွေးပါမယ်ရှင်။

ပထမဦးစွာ အခန်း ၂၊ အပိုဒ် ၃(က)မှာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဟာ လွတ်လပ်သော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းဖြစ်စေလိုတဲ့အတွက်ကြောင့် စေတနာ့ ဝန်ထမ်း ရဲ့အရှေ့မှာ လွတ်လပ်သော ဆိုတဲ့စာသားလေးကို ထပ်မံပြီးတော့ ဖြည့်စွက်လိုပါတယ်ရှင်။ ဆက်လက်ပြီး အခန်း(၃)၊ အပိုဒ် ၈ မှာ ဥက္ကဋ္ဌနှင့်တကွ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးများအား လျှို့ဝှက်မဲဆန္ဒဖြင့် ရွေးချယ်ရာမှာ စာရင်းစစ်တစ်ဦးကိုလည်း လျှို့ဝှက်ရွေးချယ်ရမယ်လို့ ဖော်ပြ ထားခြင်းမှာ စာရင်းစစ်တစ်ဦး ဆိုသောစာသားအား ဖြုတ်ချင်ပါတယ်ရှင်။ ဒီပုဒ်မနဲ့ဆက်စပ်ပြီးတော့ လည်း နောက်ဆက်တွဲ စာရင်းစစ်တစ်ဦး ဆိုသောပုဒ်မများကိုလည်း ဖြုတ်ချင်ပါတယ်။ ဒီပုဒ်မနဲ့ ဆက်စပ်လျက်ရှိတဲ့ ပုဒ်မ ၂၇ မှာလည်း အကျိုးဆောင်စာရင်းစစ်အား ဖြုတ်ဖို့လိုပါတယ်။ ပုဒ်မ ၂၈ မှာဆိုလို့ရှိရင်လည်း ပုဒ်မ ၂၈ မှာ စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ဆိုသောနောက်မှာ လိုအပ်ပါက ဆိုသောစာသားဖြုတ်ပြီးတော့ နှစ်အလိုက် သက်ဆိုင်ရာစာရင်းစစ်၏ စစ်ဆေးခြင်းကို ခံယူရမည် ဟုပြင်ဆင်လိုပါတယ်ရှင်။ ဒီလိုမျိုး ဆွေးနွေးတင်ပြရခြင်းမှာ ပြည်သူအများနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်း ဖြစ်တဲ့အပြင် ဥပဒေအရ နိုင်ငံအဆင့်အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာရေးမှအစ ရှင်းရှင်း လင်းလင်းရပ်တည်ရန် လိုအပ်တဲ့အတွက်ကြောင့် ဆွေးနွေးရခြင်း ဖြစ်ပါတယ်ရှင်။

ဆက်လက်ပြီး အခန်း ၅ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ပုဒ်မ ၂၃(င)မှာ အသင်းဗဟိုနှင့် တကွ မြို့နယ်ရုံးအဖွဲ့ကိုဖွဲ့စည်းခြင်း ဟု အသင်းဗဟို၏နောက်တွင် မြို့နယ်အား ဖြည့်စွက်လိုပါတယ်ရှင်။ ယခုလက်ရှိမှာ မြို့နယ်ရုံးများ၏ ရုံးလုပ်ငန်းကိစ္စများကို အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများမှ ကူညီနေရခြင်းဖြစ်ပြီး လွတ်လပ်သောအဖွဲ့အစည်းဖြစ်ပါက ရုံးလုပ်ငန်းအတွက် ဝန်ထမ်းခန့်ထားရန် လိုအပ်သောကြောင့် မြို့နယ်ရုံးများကိုလည်း ထပ်မံဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၃၈။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၀း၃၈။

နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်လေ့လာရေး လာရောက်သူများအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥပဒေကြမ်းအပေါ်မှာ အချက်(၃)ချက်နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

(၁) အချက်ကတော့ အခန်း (၂)၊ အပိုဒ်(က)မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းရန်ဆိုတဲ့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပေါ်မှာ ထပ်မံဖြည့်စွက်ချင်တာကတော့ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအား ပံ့ပိုးကူညီမှုပေးသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခုအဖြစ်ဖွဲ့စည်းရန် ဆိုတာကို ထပ်မံဖြည့်စွက်လိုပါတယ်။ Power Point အသုံးပြုခွင့် ပြုပါ။ ကျိုးကြောင်းပြခြင်းကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မိခင်နှင့်ကလေးများ မိသားစုနှင့် ဆိုင်သောအရေးကိစ္စများ ကူညီစောင့်ရှောက်ရေးလုပ်ငန်းကို စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခု အနေနဲ့ လုပ်ဆောင်ရမှာဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တွဲဖက်ပံ့ပိုးလုပ်ဆောင်ရန် လိုအပ်တဲ့ အတွက်ကြောင့်ဖြစ်ပါတယ်။ (၂)အချက်ကတော့ အခန်း(၃)အပိုဒ်(၄)(ဃ)မှာ မြို့နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုဆိုပြီးတော့ ဒါ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ပါ ပါတယ်။

ကျွန်မအနေနဲ့ကတော့ ဒီ ဗဟိုကို ပယ်ဖျက်လိုပါတယ်။ အကျိုးအကြောင်းပြချက်ကတော့ မြို့နယ်အဆင့် အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဗဟိုနဲ့ ရောထွေးနေတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ တတိယအချက်ကတော့ အခန်း(၃)အပိုဒ် (၁၄)(က) ရဲ့ (၄)(၅) ဖြစ်ပါတယ်။ အဲဒီမှာဆိုရင် အသင်းသားများတွေထဲကနေပြီးတော့ နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်း အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အမျှားပြည်သူ ကြည်ညိုလေးစားခြင်းခံရသည့် အောက်ပါပုဂ္ဂိုလ်(၅)ဦး ပါဝင်တဲ့အဖွဲ့အစည်းနဲ့ ဖွဲ့စည်းရမယ်ဆိုပြီးတော့ (၁)အငြိမ်းစား ကျန်းမာရေး ဝန်ထမ်း(၁)ဦး၊ (၂)အငြိမ်းစားပညာရေးဝန်ထမ်း(၁)ဦး၊ (၃)စီးပွားရေးလုပ်ငန်းရှင်(၁)ဦး၊ (၄)ပရဟိတ လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်သူ(၁)ဦး၊ (၅)မိခင်နှင့်ကလေးဖွံ့ဖြိုးရေးကို စိတ်ဝင်စားသူ(၁)ဦး ဆိုပြီး တော့ ဖော်ပြထားပါတယ်။ အဲဒါကို ကျွန်မအနေနဲ့တော့ ပိုမိုရှင်းလင်းပြတ်သားတဲ့ ဖော်ပြမှု ပါဝင်တဲ့ တာဝန်ယူ တာဝန်ခံနိုင်တဲ့လုပ်ငန်း အတွေ့အကြုံရှိတဲ့ ကြီးကြပ်မှုကော်မတီဝင်များ ဖြစ်စေရန် အဲဒီ (၄)နှင့် (၅)မှာ မိခင်နှင့်ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသူ အရပ်ဖက်အဖွဲ့အစည်းမှ (၂)ဦး ဆိုပြီးတော့ ပြန်လည်ပြင်ဆင်လိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းအပေါ် ဆွေးနွေးချက် စာမျက်နှာ ပြပုံ (စျ)



မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥပဒေကြမ်းအပေါ် ဆွေးနွေးချက်။

အမှတ်	အပိုဒ်	အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်	ကိုယ်စားလှယ်၏ ပြည့်စုံမှု၊ ပြင်ဆင်ချက်	အကျိုးအကြောင်းပြခြင်း။
၂	က	မြန်မာနိုင်ငံတစ်လုံးလုံးရှိ မိခင်နှင့် ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ စေတနာ့ဝန်ထမ်း အဖွဲ့အစည်း တစ်ခုအဖြစ် ဖွဲ့စည်းရန်၊	မြန်မာနိုင်ငံတစ်လုံးလုံးရှိ မိခင်နှင့် ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ **သက်ဆိုင်ရာပန်းကြီးဌာနများအား ပံ့ပိုးကူညီမှုပေးသော** စေတနာ့ဝန်ထမ်း အဖွဲ့အစည်း တစ်ခုအဖြစ် ဖွဲ့စည်းရန်၊	မြန်မာနိုင်ငံတစ်လုံးလုံးရှိ မိခင်နှင့် ကလေးများ၊ မိသားစုများနှင့် ဆိုင်သောအရေးကိစ္စများ၊ ကူညီစောင့်ရှောက်မှု လုပ်ငန်းများကို စေတနာ့ဝန်ထမ်း အဖွဲ့အစည်း၊ တစ်ခုအနေဖြင့်လုပ်ဆောင်ရန်ဖြစ်သောကြောင့် သက်ဆိုင်ရာ ပန်းကြီးဌာန နှင့်တွဲဖက်လုပ်ဆောင်ရန်
၃	၄ (ဃ)	မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း **(ဝဟို)**	မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း	(ဝဟို) ကိုပါယ်ဖျက်ပါသည်။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း (ဝဟို) နှင့်ရောထွေးနေသော ကြောင့်ဖြစ်ပါသည်။
၃	၁၄ (က) ၄-၅	ပရဟိတလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေသူ (၁) ဦး၊ မိခင်နှင့် ကလေးဆို့ မြို့ရေးလုပ်ငန်းများကို စိတ်ဝင်စားသူ (၁) ဦး၊	မိခင်နှင့် ကလေးဆို့ မြို့ရေးလုပ်ငန်းများကို ဆောင်ရွက်နေသူ အရပ်ဖက်အဖွဲ့ အစည်းမှ - ၂ ဦး၊	ပိုမိုရှင်းလင်းပြတ်သားသည့်ဖော်ပြချက်ပါရှိသော၊ လုပ်ငန်းအတွေ့အကြုံရှိသော ကြီးကြပ်မှု ကော်မတီဝင်များဖြစ်စေရန်။

အချိန်၊ ၁၀း၄၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိက သက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

အချိန်၊ ၁၀း၄၁။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံ တစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၀း၄၂။

ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသည့် မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိက သက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအစဉ်တစ်ခု အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ကျွန်တော်တို့ အဆိုနဲ့စပ်လျဉ်းပြီးတော့ ဖြည့်စွက်ပြင်ဆင် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် အကြမ်းဖျင်း(၃)ပိုင်း တွေ့ရမှာဖြစ်ပါတယ်။ ပထမပိုင်းကတော့ အကြောင်းပြချက်အပိုင်းဖြစ်ပြီးတော့ ဒုတိယပိုင်းကတော့ အကျိုးသက်ရောက်မှုအပိုင်း ဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းကတော့ တောင်းဆိုတိုက်တွန်းတဲ့အပိုင်း ဖြစ်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ အကြောင်းပြချက်အပိုင်းက မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းကြောင့်လို့ အကြောင်းပြထားပါတယ်။

ဒုတိယပိုင်းကတော့ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းပြီးတော့ (၂)ချက်ပါ။ (၁) စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာခြင်း၊ (၂) မြို့ပေါ်နှင့်ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသည့် မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းဆိုပြီးတော့ သက်ရောက်မှု (၂)မျိုးဖော်ပြထားပါတယ်။ တတိယပိုင်းအနေနဲ့ မြို့နယ်တိုင်းမှာရှိတဲ့ စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီများရဲ့ လျော့ရဲပြီး အဂတိမကင်းတဲ့ လုပ်ဆောင်ချက်များကို ထိန်းညှိနိုင်မည့် အစီအမံတစ်ခု အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတောင်းဆိုထားခြင်း ဖြစ်ပါတယ်။

အဲဒီတော့ အဆိုရှင်ဟာ ကျွန်တော်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်ကို တိုးတက်ဖွံ့ဖြိုး ပြောင်းလဲလာစေရန် ကျွန်တော်တို့ ပြည်ထောင်စု

လွှတ်တော်မှာရော အမျိုးသားလွှတ်တော်မှာပါ ကြိုးပမ်းအားထုတ်နေသူဖြစ်ပြီးတော့ အခု အဆိုဟာလည်း နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးမှု အလျင်အမြန် ထိရောက်လာစေရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်တဲ့အတွက် အဆိုရှင်ကို လေးစားဂုဏ်ပြုပါတယ်။ အဆိုရှင်ရဲ့ အကျယ်တဝင့် တင်ပြမှုနှင့် အဆိုတွင် ဖော်ပြထားချက်များကို လေ့လာကြည့်တဲ့အခါမှာ အဆိုရှင်ရဲ့ အကျယ်တဝင့် ဖော်ပြထားမှုများဟာ ကျယ်ဝန်းသလောက် အဆိုမှာ ဖော်ပြထားမှုများဟာ မပြည့်စုံတာတွေ မလွှမ်းခြုံမိတာတွေကို တွေ့ရပါတယ်။

အဆိုရှင်ရဲ့ ဆွေးနွေးချက်တွင် စည်းမဲ့ကမ်းမဲ့ ရောင်းစားနေသော မြေအမျိုးအစားများအဖြစ် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ ကျွန်တော်တို့ ဒါ မြို့မြေ၊ ဆွေးနွေးချက်မှာပါတာ ပလပ်မြေကို ဆွေးနွေးချက်မှာပါပေမယ့်လည်း အဆိုဖော်ပြချက်မှာကျတော့ လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေသာ ပါရှိထားပါတယ်။ အမှန်တကယ် တစ်နိုင်ငံလုံး တာဝန်ရှိသူတို့မှ ကိုယ်ကျိုးရှာ ရောင်းစား၊ ငှားစားနေတဲ့ လုပ်စားနေတဲ့ မြေတွေဟာ မြေပိုင်မြေတွေရော၊ ဂရန်မြေတွေရော၊ ပလပ်မြေတွေရော၊ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ မီးတားမြေ၊ စားကျက်မြေနှင့် သစ်တောမြေများပါမကျန် အခြားမြေပေါင်းများစွာ ပါပါတယ်။ ဒါကြောင့်မို့လို့ အဆိုမှာ လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေ (၂)မျိုးသာ ပါတဲ့အတွက်ကြောင့် အဆိုသည် ပြည်ထောင်စုတစ်ခုလုံးအပေါ်မှာ လွှမ်းခြုံမှုရှိစေဖို့ ကျွန်တော်တို့ ပထမပိုင်းတွင် လယ်ယာ ဥယျာဉ်ခြံမြေနှင့် အခြားမြေများဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ဖို့၊ ပြင်ဆင်ဖို့ လိုအပ်နေတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဆိုသာအတည်ဖြစ်ခဲ့ရင် လက်တွေ့မြေပြင်ဖြစ်ရပ်များမှာ ကျွန်တော်တို့ လွှမ်းခြုံနိုင်မှုရှိဖို့ တင်ပြရခြင်းဖြစ်ပါတယ်။

တစ်ခါ အဆိုတွင် အကျိုးသက်ရောက်မှုအပိုင်းကို စိုက်ပျိုးမြေများ လျှော့နည်းလာခြင်းနှင့် မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းဆိုတဲ့ (၂)မျိုးသာပါရှိသော်လည်း အဆိုရှင်ရဲ့ ဆွေးနွေးချက်တွင် စည်းမဲ့ကမ်းမဲ့အိမ်တွေ ပေါ်ပေါက်လာတာ၊ ရေကြီးတာ၊ ကားကြပ်တာ၊ ပြီးရင် အစီအမံတွေ၊ စီမံခန့်ခွဲမှုတွေ လွဲမှားတာ စည်းမဲ့ကမ်းမဲ့ အပင်တွေခုတ်တာတွေ စသည်ဖြင့် သက်ရောက်မှုပေါင်းများစွာကို ဖော်ပြထားတာဟာ ဆွေးနွေးချက်ကို အဆိုက မလွှမ်းခြုံမိဘဲဖြစ်နေတယ်လို့ ထင်မြင်ခံစားမိပါတယ်။ ဒါကြောင့် လွှမ်းခြုံနိုင်အောင် စကားရပ်များ ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ဒီ အထက်ပါအကြောင်းအရာများရဲ့ အကြောင်းအရင်းခံ ဖြစ်ရတဲ့ဟာကတော့ မြို့နယ်တိုင်းမှာရှိတဲ့ (ကော်သုံးကော်)က တာဝန်ရှိသူတို့ရဲ့ လျှော့ရဲပြီး အဂတိမကင်းတဲ့ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပွားရကြောင်း ဖော်ပြထားသကဲ့သို့ တာဝန်ရှိသူတို့ရဲ့ ကိုယ်ကျိုးရှာဆောင်ရွက်မှု အမှားအယွင်းများကို အကျယ်တဝင့် ဆွေးနွေးသွားခဲ့တာ တွေ့ရပါတယ်။ ကျွန်တော့်အမြင်မှာတော့ ဒီ (ကော်သုံးကော်)ရဲ့ တာဝန်မကျေ လျှော့ရဲမှုများနှင့် အဂတိမကင်းတဲ့ လုပ်ရပ်များဟာ တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့်သာ ဖြစ်တယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။ လုပ်ရမယ့်အလုပ်၊ တားဆီးရမယ့်တာဝန်၊ ဒါတွေကို မလုပ်ဆောင်ဘဲ မဆိုင်သလိုနေခြင်းဟာ ပေါ့လျှော့ပျက်ကွက်ခြင်း၊ တာဝန်မကျေပွန်ခြင်းဖြစ်တဲ့အတွက် တရားဥပဒေအရ အပြစ်ရှိပါတယ်။ ဥပဒေတစ်ရပ်အရ တိတိကျကျပြဋ္ဌာန်းချက် မရှိရင်တောင်မှ ဝန်ထမ်းဥပဒေအရ PE , DE ဖွဲ့ပြီးတော့ ကျွန်တော်တို့ အရေးယူခံရမယ့် ဥပဒေရှိပါတယ်။

ဒါ့အပြင် ဒါတွေကို မကျင့်သုံးကြတာ၊ မလေးစား၊ မလုပ်ဆောင်ကြတာဟာ တရားဥပဒေ စိုးမိုးမှုမရှိတာသာ ဖြစ်ပါတယ်။ ဒါ့အပြင် မလုပ်သင့် မလုပ်ထိုက်တာ မလုပ်ဖို့ အတိအလင်းတားမြစ်ထားတဲ့အရာတွေကို လုပ်ဆောင်တာဟာ ရာဇဝတ်မှုဖြစ်ပါတယ်။ တရားဥပဒေမစိုးမိုးလို့ မကြောက်မရွံ့ လုပ်နေကြတာသာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိတာ၊ ဖြစ်ချင်တိုင်းဖြစ်နေတာက နေရာတော်တော်များများနဲ့ဌာနတော်တော်များများမှာ ဖြစ်နေတာဖြစ်ပါတယ်။ အမှားကြောတော့ သူတို့ကိုယ်သူတို့အမှန်လို့ ထင်ပြီးတော့ မူလ ငါတို့ရဲ့ လုပ်ပိုင်ခွင့်၊ ငါတို့ရဲ့ ရပိုင်ခွင့်ထင်ပြီးတော့ လုပ်စားနေကြတာဟာဖြင့် ခေါက်ရိုးကျိုးနေတယ်လို့ စကားတောင် တွင်နေပြီဖြစ်ပါတယ်။ ဒါတွေကလည်း အားလုံးသိပြီးတဲ့ အတိုင်းပါပဲ။ ဒီလို နေရာတစ်ခုချင်း၊ ဌာနတစ်ခုချင်း၊ တစ်ခုချင်းလိုက်ပြီးတော့ အခုလို အဆိုတွေ တင်ပြီးတော့ ကျွန်တော်တို့ လုပ်နေရမယ်ဆိုရင် ဆန်စင်ရာ ကျည်ပွေ့လိုက်သလိုဖြစ်ပြီး လိုက်လို့ကို ဆုံးတော့မှာ မဟုတ်တော့ပါဘူး။

ကျွန်တော်တို့ ဒါတွေကို ပြင်နိုင်ဖို့ဆိုရင် တရားဥပဒေတွေ ရှင်သန်လာအောင်၊ တရားဥပဒေတွေ စိုးမိုးလာအောင်၊ တရားဥပဒေတွေကို လေးစားလိုက်နာလာအောင်လုပ်တဲ့ နည်းလမ်းရှိပါတယ်။ အဲဒါကတော့ မိမိတို့ လုပ်ဆောင်ခဲ့မှုအတွက် မိမိတို့ တာဝန်ယူပြီးတော့ ငြိစွန်းတဲ့ ရာဇဝတ်ဥပဒေတွေ၊ အဂတိတိုက်ဖျက်ရေးဥပဒေတွေ၊ တာဝန်ထမ်းဆောင် စည်းမျဉ်းစည်းကမ်းတွေနှင့် ဝန်ထမ်းဥပဒေတွေနဲ့ ဘယ်သူ့မျက်နှာမှမထောက်ဘဲ တိတိကျကျ တာဝန်ရှိသူတွေကိုအရေးယူရင် နောင်လာနောက်သားတွေဟာ ဥပဒေရဲ့ အင်အား၊ ဥပဒေရဲ့ စည်းနှောင်အားကို ကိုယ်တိုင်လက်တွေ့ မြင်တွေ့သိရှိ ကြောက်ရွံ့လေးစားလာတာနဲ့အမျှ တရားဥပဒေစိုးမိုးမှု ပြန်လည် မြှင့်တင်လာမှာ ဖြစ်ပါတယ်။

နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် အတိုင်ပင်ခံကလည်း အဲဒီလို တရားဥပဒေစိုးမိုးမှု မြှင့်တင်လာတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ရဲ့ - - - - - - - -

ဥက္ကဋ္ဌ။　　။ အချိန်စေ့သွားပါပြီ။ အချိန်စေ့သွားပါပြီ။

အချိန်၊ ၁၀း၅၁။

ဥက္ကဋ္ဌ။　　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၀း၅၁။

ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။　　။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ လေ့လာရေး ဧည့်သည်တော်များပါ ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၆-စ-၂၀၁၈ ရက်နေ့က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်းတင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်တဲ့ လယ်ယာဥယျာဉ်ခံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားခြင်းနှင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့ပါးလာခြင်း

အပေါ် အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်များကို အရေးယူပေးပါရန် ကိစ္စရပ်နှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းပျက်ပြားသွားတဲ့ လယ်ယာမြေများကို Power Point နဲ့ တင်ပြခွင့်ပြုပါရန်လည်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်ပြီး (၇၀)ရာခိုင်နှုန်းသောပြည်သူများဟာ ကျေးလက်ဒေသမှာနေထိုင်ရင်း မြေကို အဓိက အားထား စိုက်ပျိုးကုန်ထုတ်နေကြတဲ့ တောင်သူလယ်သမားကြီးများဖြစ်ပါတယ်။ ဒီ တောင်သူလယ်သမားကြီး များဟာ အခြေခံလူတန်းစား ကုန်ထုတ်စွမ်းအားရှင်ကြီးများဖြစ်ပြီးတော့ မြန်မာနိုင်ငံသူ၊ နိုင်ငံသား အားလုံး သူတို့စိုက်ပျိုးထွန်ယက်ပြီး သီးပွင့်လာတဲ့ မြေထွက်သီးနှံများကို စားသုံးပြီး ရှင်သန်လာခဲ့ ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ တောင်သူလယ်သမားကြီးများဟာ ဒီကနေ့မှာတော့ မြေမဲ့ယာမဲ့ဘဝမှာ နှစ်ပေါင်းများစွာ ခံစားနေကြရပြီး မြေမရှိတော့တဲ့ဘဝမှာ ရပ်တည်မှု အခက်အခဲများနဲ့ ရင်ဆိုင်နေကြ ရပါတယ်။ ကြံ့ရာကျပန်းအလုပ်နှင့် အသက်မွေးကြပြီး အချို့ ပြည်ပထွက်ကာ ဘဝဝမ်းစာအတွက် သူတစ်ပါးနိုင်ငံမှာ ကျွန်ပြုနင်းပြား အလုပ်သမားဘဝမှာ မျက်နှာငယ်စွာ လုပ်ကိုင်စားသောက်နေကြ ပါတယ်။

အကြောင်းစစ်တဲ့အခါ ကြီးမားလှတဲ့ စီမံကိန်းကြီးတွေကို နှုတ်မိန့်ဖြင့် လယ်ယာမြေတွေ သိမ်းဆည်းခံခဲ့ရကာ ဆုံးရှုံးနစ်နာခဲ့ကြရပြီး အစိုးရအမည်ခံယူသော်လည်း ဥပဒေစည်းကမ်း၊ စည်းမျဉ်း နဲ့မညီတဲ့ စီမံကိန်းဆိုတဲ့ ကြက်ဆူစီမံကိန်းတို့လို မယ်မယ်ရရမရှိလှတဲ့ ကိစ္စရပ်တွေမှာ အနိုင်ယူမှုတွေနဲ့ မြေယာသိမ်းဆည်းခံခဲ့ကြရတော့ တောင်သူလယ်သမားတွေမှာ ဘဝပျက်ခဲ့ရပြီး နိုင်ငံတော်ရဲ့စီးပွားရေး ကဏ္ဍတွေမှာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ကျွန်တော် တာဝန်ယူဆောင်ရွက်နေတဲ့ ပြင်ဦးလွင်ခရိုင်က မြို့နယ်အသီးသီးမှာလည်း ဒီလို ဘေးဒုက္ခမျိုး ကင်းလွတ်ခဲ့ခြင်းမရှိပါ။ ပိုးစာအမည်ခံ၊ ကော်ဖီ စီမံကိန်း အမည်ခံတွေနဲ့ ပြင်ဦးလွင်ဒေသက ရိုးသားလှတဲ့ ပြည်သူတွေရဲ့ လယ်ယာမြေတွေကို အလွယ်တကူ သိမ်းယူခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို နှုတ်မိန့်နဲ့ အလွယ်တကူ သိမ်းယူ၊ ရယူပြီး စီမံကိန်းကြီး အကြောင်းပြခဲ့ကြပေမယ့် စီမံကိန်းတွေ မအောင်မြင်တော့ သက်ဆိုင်ရာ အနိုင်ကျင့်ရယူခဲ့တဲ့ မြေတွေကို မူလ လက်ငုတ်လက်ရင်းပိုင်ရှင်တွေဆီ သဘောရိုးစာနာစိတ်တွေနဲ့ ပြန်လည်မပေးအပ်ခဲ့ဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေ အမည်ခံပြီး ကြားခံခရိုနီကြီးတွေ၊ နယ်မြေဒေသခံ အကြီးအကဲတွေနဲ့ ပတ်သက်ရာ ပုဂ္ဂိုလ်တွေနဲ့ နားလည်မှုယူပြီး လက်သင့်ရာလယ်ယာမြေတွေကို ချထားပေးခဲ့ပြန် ပါတယ်။ ဒီလိုကိစ္စရပ်တွေကို မီဒီယာကဏ္ဍတွေက ပြင်ဦးလွင်ဒေသရဲ့ လယ်မြေဧကပေါင်းများစွာကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် ရောက်ရှိသွားတဲ့ မူလပိုင်ရှင် လယ်သမားကြီးများရဲ့မြေတွေဟာ အိမ်ခြံမြေကွက်တွေအဖြစ် ရောက်ရှိသွားကြပြီး ရောင်းအားကောင်းတဲ့ အိမ်မြေဝိုင်းတွေဖြစ်သွားကြကြောင်း ဖော်ပြပြီးလည်း ဖြစ်ပါတယ်။

ဒီလို မမှန်ကန်တဲ့ အောက်ခြေပိုင်းက လုပ်ဆောင်မှုတွေဟာ နိုင်ငံတော်ရဲ့ ကုန်ထုတ် စွမ်းအားကို ချည့်နဲ့ယိုင်လဲသွားစေပြီး ဆင်းရဲတွင်းထဲကျရောက်စေခြင်းဟာ အစိုးရဝန်ထမ်း ကြီး၊ ငယ် များ၏ အဂတိလိုက်စားမှုများနှင့် ပတ်သက်နေပြီး ဒီအနေအထားတွေကို ကွင်းဆင်းဆောင်ရွက်နေ

ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ထောက်ပြပြောဆိုကြတဲ့အခါ အုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်တယ်လို့ ပြောဆိုကြပြန်တယ်။ နိုင်ငံတော်နှင့်ပြည်သူကို ဆင်းရဲမွဲတေအောင် လုပ်ဆောင်နေခြင်းများကို ကိုယ်စားလှယ်များက ဝင်ရောက်ပြောဆိုခြင်းမရှိစေလိုလျှင် မှန်မှန်ကန်ကန် နိုင်ငံတော်နှင့်ပြည်သူတို့ရဲ့ ဘဏ္ဍာငွေနဲ့လစာ၊ ရိက္ခာစားသုံးနေခြင်းအပေါ် သစ္စာစောင့်သိဖို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ညှာပြီး တင်ပြရတဲ့အတွက် လယ်ယာမြေမှ အိမ်မြေဝိုင်းများ အဖြစ် ရောက်ရှိသွားကြတဲ့ အနေအထားများကို Power Point နဲ့သာပြသထားနိုင်ပါတယ်။ ကျွန်တော်တို့ ဆီမှာတော့ တောင်သူလယ်သမားကြီးများရဲ့ တင်ပြချက်အထောက်အထားများ လက်ခံရရှိထားပြီးဖြစ်ပါတယ်။ လယ်ယာမြေအားလုံး မူလပိုင်ရှင်အသီးသီးရှိကြပေမယ့် မြို့ပြဒေသနှင့် ကျေးရွာအနီးမှ လယ်ယာမြေများကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းအမည်များဖြင့် ဥပဒေလက်တစ်လုံးခြား လှည့်ပတ်တင်ပြနေခြင်းနှင့် ပုဒ်မ ၄၀ မှာ တင်ပြထားတာကတော့ သဘောရိုးနဲ့ ဆောင်ရွက်သည့် ကိစ္စအရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ရှိ အဖွဲ့ဝင်များကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရဆိုတဲ့ ပြဋ္ဌာန်းချက်ကလည်း မြေမဲ့ယာမဲ့ တောင်သူလယ်သမားကြီးများအပေါ် ဗိုလ်ကျအနိုင်ယူနေသူများအတွက် ဥပဒေအကြောင်းအရ ကာကွယ်ခွင့်ပေးထားသလို ဖြစ်နေပါတယ်။ နိုင်ငံတော်ရဲ့ ပြစ်မှုပြစ်ဒဏ် စီရင်မှုတို့ဟာ ဥပဒေအကြောင်းရဲ့လေးနက်မှုက မျှားစွာလျော့နည်းလျက်ရှိပြီး ထိရောက်စွာ ဟန့်တားဖို့ ပျက်ကွက်နေတဲ့သဘော ဆောင်နေပါတယ်။

ဒီနေရာမှာ ခရိုနီကြီးတွေနဲ့ ပူးပေါင်းဆောင်ရွက်နေကြတဲ့ဝန်ထမ်းတွေရဲ့ သဘောရိုးဆိုတဲ့ ဝေါဟာရကို မေးခွန်းထုတ်စရာဖြစ်ပါတယ်။ ကျမ်းထုပ်ကိုင် ဖြေကြားပေးဖို့ လိုအပ်မှာလည်းဖြစ်ပါတယ်။ နိုဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေ အဆင့်မီ ဖွံ့ဖြိုးတိုးတက်ခိုင်မာစေဖို့ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် ကုန်ထုတ်စွမ်းအား ဖြည့်ဆည်းပေးနေတဲ့ မူလပိုင်ရှင်တောင်သူလယ်သမားကြီးများထံ လယ်ယာမြေများ အမြန်ဆုံးရောက်ရှိအောင် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့ဝန်ထမ်းကောင်းများပီသစွာ ပြုကျင့်လိုက်နာ ဆောင်ရွက်ကြရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း ဦးမျိုးဝင်း ရဲ့ အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်များကို ထိန်းညှိပေးမည့် အစီအမံတစ်ခုကို အကောင်အထည်ဖော်ဆောင်ပေးရန် အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြင်ဦးလွင်မြို့နယ် ရ.က.က (၁၁)ကွင်းအမှတ်(၆၈၁)ကော်ဖီနှင့် နှစ်ရှည်ပင်စိုက်ပျိုးရန်အတွက်ဟု ရယူထားသော်လည်း စီမံကိန်းသီးနှံများ မစိုက်ပျိုးဘဲ ကွက်စိပ်ရိုက် စိပ်ပိုင်းထားသည့် ရ.က.က(၁၁)ရေငယ်ရွာ၊ ပြင်ဦးလွင်မြို့ မြင်ကွင်းပုံ (ည)

သိမ်းဆည်းခံ ကော်ဖီစီမံကိန်း မစိုက်ပျိုးသည့် မြေနေရာများ ကွင်းအမှတ် (၆၅၅)၊ အောင်ချမ်းသာရွာ မြင်ကွင်းပုံ (ည-၁)

မတ္တရာမြို့နယ်အတွင်းရှိ မအောင်မြင်သော စီမံကိန်းများအတွက် တိမ်ကောနေသော တောင်သူဦးကြီးများ၏ လယ်မြေများ မြင်ကွင်းပုံ (ည-၂)

အချိန်၊ ၁၀း၅၆။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၀း၅၆။

ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြဆွေးနွေးသွားသလိုပါပဲ။ မြေယာစီမံခန့်ခွဲမှုတွေမှာ အဓိကသက်ဆိုင်တဲ့ စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီ အဆင့်ဆင့်တွေရဲ့ အားနည်းချက်ကြောင့် နိုင်ငံရဲ့ စိုက်ပျိုးမြေတွေ လျော့နည်းလာတာ ကျေးရွာမြေတွေ ပျောက်ဆုံးလာတာ သဘာဝဘေးကို နှစ်စဉ်ခံစားလာတာဟာ တကယ်တော့ လက်ရှိမြေပြင်မှာဖြစ်နေတဲ့ တကယ့်အဖြစ်အပျက်တွေပဲ ဖြစ်ပါတယ်။ ဒီလို ဖရိုဖရဲဖြစ်ခဲ့ရတာတွေကတော့ အဆိုရှင် ပြောသွားသလိုပါပဲ။ ကျွန်တော်တို့ ဝေဖန်ထောက်ပြခွင့်မရှိခဲ့တဲ့အချိန်ကာလက ဌာနဆိုင်ရာတွေရဲ့ တစ်သွေးတစ်သံ တစ်မိန့်အောက်မှာ နှစ်ရှည်လများလုပ်ခဲ့ရတဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်ခင်ဗျား။ အထက်ညွှန်ကြားချက်ကို အမြန်လုပ်ပေးရတာ ကော်မတီများနဲ့ တိုင်ပင်ချိန်မရှိတာ၊ ဆုံးဖြတ်ချိန်မရှိတာ၊ လုပ်ခဲ့ရတာတွေလည်း ပါ ပါတယ်ခင်ဗျား။

စာရင်းဇယားတွေကို Back Date နဲ့ ပြန်လုပ်ရတာ အချို့မြေပုံတွေ ပြန်ပြင်ရေးဆွဲရတာ ကော်မတီမှာ တင်ပြဆွေးနွေးသော်လည်းပဲ ကော်မတီမှာ ထောက်ပြမယ့်လူရှိရင် အဲဒီကော်မတီက

ကော်မတီဝင်ကို ဖယ်ထုတ်လိုက်ရတာတွေလည်း ပါ ပါတယ်ခင်ဗျား။ နောက်တော့ ဒါတွေကို လုပ်ရိုး လုပ်စဉ်လို့ထင်လာပြီးတော့မှ ကျွန်တော်တို့ အဂတိတွေ ပါလာတာပါပဲခင်ဗျား။ ဒီ နောက် နံပါတ်(၂) အချက်ကတော့ မြေကြီး မြေပုံ ကျွန်တော်တို့ မှန်ကန်စွာ မပြုစုနိုင်သေးတာပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒါက ဒီ ကျွန်တော်တို့နိုင်ငံမှာ မြေကြီးမြေပုံမှာ ကြေးတိုင်မြေ၊ စည်ပင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေ အစရှိသဖြင့် မြေအမျိုးအစားကို ခွဲထားတာ ကျွန်တော်တို့ မရှိသေးပါဘူး။ လွန်ခဲ့တဲ့ လွတ်လပ်ရေးမရခင်ကတောင်မှ ကျွန်တော် ခရိုင်(၃၆)ခုလောက် လုပ်နိုင်ပြီး အခု ကျွန်တော်တို့ ခရိုင်ပေါင်း(၇၄)ခုရှိတဲ့အခါမှာ လက်ရှိအနေအထားမှာ တစ်ခုမှ မလုပ်နိုင်သေး ပါဘူး။ ဒီဟာလည်းပဲ ဒီလိုမြေအမျိုးအစားတွေ မသိတဲ့အခါမှာလည်း ထိန်းကျောင်းမှုတွေ အားနည်း လာတဲ့သဘောပဲ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ နေပြည်တော်မှာ လယ်ဝေးနဲ့ ဒကွ်ိဏ နယ်စပ်မှာ တောင်မှ လယ်ဝေး စည်ပင်အရာရှိတွေကို မေးတဲ့အခါမှာ ကျွန်တော်တို့ ဘယ်နေရာက လယ်ဝေးမှာ ပါသလဲ၊ ဘယ်နေရာက ဒကွ်ိဏ မှာပါသလဲ၊ အတိအကျ မပြောနိုင်တဲ့ အနေအထားတွေ ရှိနေပါတယ်။ ဒီနေရာမှာ အဲဒီအခါမှာ ကျွန်တော်တို့ စီမံခန့်ခွဲမှုတွေ အားနည်းလာပြီးတော့မှ ကျွန်တော်တို့ ခက်ခဲလာ တာဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့ အားနည်းချက်တွေ ကျွန်တော်တို့ မပြတ်သားတာ အဲဒီ အားနည်းချက်တွေရှိနေတာ တစ်ချက် ပါ ပါတယ်။ ကျွန်တော်တို့ လယ်ဝေးမြို့ထဲ မှာဆိုရင် ဒါကတော့ ကျွန်တော့် မဲဆန္ဒနယ် နမူနာပေးတာပါ။ ဒီလိုဟာမျိုးဟာ မြို့တိုင်းမှာဖြစ်နေတဲ့ ကိစ္စပါ။ လယ်ဝေးမြို့ထဲမှာ ဖြတ်သွားတဲ့ ချောင်း၊ ရိုးပေါ့။ ဒီ ရိုးကို ဆည်ကလည်း ရေလွှတ်တယ်။ စည်ပင်သာယာကလည်း မြို့အတွက် ကျွန်တော်တို့ ဒီ မြို့ရေထုတ်မြောင်းအဖြစ် အသုံးပြုတယ်။ ဒီဟာကို ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းဖို့အတွက်ကို စည်ပင်က ဆည်မြောင်းကို ပုတ်၊ ဆည်မြောင်းက စည်ပင်ကို ပုတ်နဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ နှစ်ဦးနှစ်ဖက်ကို တော့တော့ဆိုင်ဆိုင် ဖြေရှင်း ပြီးတော့မှ ဖြေရှင်းခဲ့ရတယ်။ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်း အားနည်းချက်တွေလည်း ပါ ပါတယ် ခင်ဗျား။

နောက်တစ်ချက်ကတော့ မြေယာစီမံခန့်ခွဲမှု အလွဲအမှားတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ လယ်ဝေးက သောင်ဇင်အင်းမှာဆိုရင် သကြားစက်လုပ်မယ်ဆိုပြီးတော့မှ ဧကပေါင်းများစွာ သိမ်းပြီး တော့မှ တကယ်တော့ အဲဒီ သကြားစက်က မလုပ်ဖြစ်ဘဲနဲ့ လယ်ယာမြေကောင်းတွေ ဆုံးရှုံးပြီးတော့မှ လက်ရှိအနေအထားမှာ အလုပ်မဖြစ်တဲ့ အနေအထားမျိုးကို တွေ့ရပါတယ်။ နောက်ဆုံးတစ်ခုကတော့ ဌာနဆိုင်ရာတွေမှာ ဝန်နဲ့အား မမျှတာပေါ့။ ယခု တိုင်းဒေသကြီး၊ တိုင်းအဆင့်မှာရှိတဲ့ မြေစာရင်းဦးစီး ဌာနမှာကိုက ဒီ လူအင်အား ကျွန်တော်တို့ (၃၀)ကျော်လောက်နဲ့ တာဝန်ထမ်းဆောင်မှ လုံလောက် မယ့်အရာကို ဝန်ထမ်းအင်အား (၈)ဦးလောက်နဲ့ တာဝန်ထမ်းဆောင်နေရတာတွေ ရှိပါတယ်။ မြို့နယ် အဆင့်မှာ ဝန်ထမ်းအင်အား (၁၀၀)လောက်နဲ့ တာဝန်ထမ်းဆောင်နေရမှာကို ကျွန်တော်တို့ ဝန်ထမ်း အင်အား (၄၀)လောက်နဲ့ တာဝန်ထမ်းဆောင်နေရတဲ့အခါမှာ ဒီမှာ ကျွန်တော်တို့ လုပ်ငန်းတွေ လစ်ဟင်းပြီးတော့မှ အဂတိတရားတွေလည်း ပါလာတတ်ပါတယ်ခင်ဗျား။ အဲဒါကျတော့ ဒီမှာ တင်ပြ ဆွေးနွေးလိုတာနဲ့ပတ်သက်လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ နေပြည်တော် မြို့ပတ်လမ်း မြို့ရှောင်လမ်းဘေးမှာရှိတဲ့ ကျွန်တော်တို့ ယာမြေတွေကို အခြားနည်းသုံးစွဲခွင့် မတင်ဘဲနဲ့ လုပ်ထားတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ အဲဒီအခါမှာ သူက ပုံစံ(၇)ထွက်ပြီးသား လယ်တွေပါရဲ့သားနဲ့ အဲဒီပုံစံ(၇)ထွက်ပြီးသား လယ်ကို ဒီ ယာမြေထဲက မြေတွေကို စက်ယန္တရားတွေနဲ့ ကျွန်တော်တို့ တူးဆွနေတဲ့ အနေအထား မနေ့က သွားထားတဲ့ပုံဖြစ်ပါတယ်။ ဒါ စက်ယန္တရားတွေနဲ့ လက်ရှိ လုပ်နေတဲ့ အနေအထားပါ။ အခုတော့ ကားစာတင်တယ်လို့ ကျွန်တော် သိရပါတယ်။ ဒါကတော့ ခုနတုန်းက ဆရာတွေဆွေးနွေးသွားသလိုပဲ လယ်ယာမြေအကွက်ထဲမှာ လယ်ယာမြေမှာ ခြံစည်းရိုးခတ်ခွင့်မရှိဘူး ဆိုပေမယ့်လို့ တောင်သူတွေဟာ ရောင်းလိုက်လို့ ခရိုနီလက်ထဲ ရောက်သွားတဲ့အခါမှာ အိမ်ဝိုင်းကွက်လျှာထားတဲ့အနေနဲ့ အကွက်တွေ ရိုက်ထားတဲ့ ပုံမျိုးဖြစ်ပါတယ်။ ဒါလည်း လယ်ယာမြေထဲမှာ အကွက်ရိုက်ထားတဲ့ပုံပါ။ ဒါလည်း ခုနတုန်းက မြို့ရှောင်လမ်းမဘေးမှာရှိတဲ့ လယ်မြေကို အကွက်ရိုက်ထားပြီးတော့မှ ခြံစည်းရိုးခတ်ထားတဲ့ အနေအထားမျိုးပါ။ ဒါကတော့ ကျွန်တော်တို့ ပျဉ်းမနားမြို့ရှောင်လမ်းပေါ့။ ပျဉ်းမနားနဲ့ သာဝတ္ထိနဲ့ ဆက်သွယ်တဲ့လမ်း အမြန်လမ်းဘေးမှာ ကျွန်တော်တို့ ဓာတ်ဆီဆိုင် တည်ထားတာပါ။ လယ်ယာမြေပေါ်မှာ တည်ထားတာ ဖြစ်ပါတယ်။ လုပ်ပိုင်ခွင့် ရခြင်းမရခြင်းကတော့ ကျွန်တော်တို့ လျှောက်ထားခြင်း၊ မလျှောက်ထားခြင်းဟာ မသိရသေးပါဘူး။ ဒီ အနေအထားမှာ ရှေ့ကရိုက်တဲ့ပုံပါ။ ရှေ့မှာ သူက မြောင်းရှိပါတယ်။ ဒီ မြောင်းဟာ အမြန်လမ်းရဲ့ ဘယ်၊ ညာမှာ သူဟာ ဧကပေါင်းသောင်းချီ ရှိပါတယ်။ အဲဒီအခါမှာ သူ့ဓာတ်ဆီဆိုင်ရှေ့က မြောင်းဟာ ပုံမှန်မြင်တာ (၃)ပေအကျယ်လောက်ပဲ ရှိပါတယ်။ ဒီ ဧကသောင်းချီ ရှိတဲ့ ရေဆိုးတွေကို ထုတ်ဖို့အတွက် နှစ်စဉ်နှစ်တိုင်း ပိတောက်ခြောက်ကျေးရွာ၊ ကွမ်းခြံကျေးရွာ အစရှိတဲ့ ကျေးရွာတွေမှာ လယ်ဧက သောင်းဂဏန်းအထိ ကျွန်တော်တို့ နှစ်တိုင်း ရေအကြိမ်ကြိမ်နစ်ပါတယ်။ ဒီနှစ်ဆိုရင် ရေနှစ်ကြိမ်လောက်နစ်ပြီးတော့ တောင်သူတွေဟာ ကျွန်တော်တို့ အကြိမ်ကြိမ် ပျိုးတွေ ပြန်ကျဲခဲ့ရတာတွေ ရှိပါတယ်။ ဒီလို ကျွန်တော်တို့ စည်းမဲ့ကမ်းမဲ့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနဲ့ မညီဘဲနဲ့ စီမံခန့်ခွဲမှု လျော့နည်းမှုအောက်မှာ ဒီလိုမျိုး လုပ်ခဲ့တဲ့အတွက်ကြောင့်မို့လို့ တကယ်နစ်နာတာက ဒေသခံတောင်သူတွေဖြစ်တဲ့အကြောင်းကို ပြောတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ခုနတုန်းက ဒီ မြို့ရှောင်လမ်းမှာပဲ ပျဉ်းမနားနဲ့ သာဝတ္ထိ ဆက်သွယ်ထားတဲ့ မြို့ရှောင်လမ်းဘေးမှာ တန်(၂၀၀)ကျ ဆန်စက်ဆိုပြီး ရည်ရွယ်ဆောက်လုပ်ထားတဲ့ ဆန်စက်ဖြစ်ပါတယ်။ ဒီ ဆန်စက်ဟာ ၂၀၁၂ ခုနှစ်လောက်ကနေ ဆောက်ခဲ့ပြီးတော့ ၂၀၁၄ ခုနှစ်မှာ ရပ်သွားတယ်လို့ သိရပါတယ်။ ပုံစံတောင်ထွက်ပြီးသား လယ်ဧက (၂၅)လောက်ကို ကျွန်တော်တို့ ဝယ်ယူပြီးတော့ ဆောက်ထားခြင်းဖြစ်ပါတယ်။ တန်(၂၀၀)ဆန်စက်ရဲ့ ပိုင်တိုင်တွေ ရိုက်ထားတဲ့ပုံ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ဆောက်လုပ်ဆဲက ရပ်သွားတာဖြစ်ပါတယ်။ စီမံကိန်းကတော့ တစ်နေ့ကို တန်(၂၀၀) ကျဆိုတဲ့အခါမှာ နေပြည်တော်မှာ ဒီစက်ကို တန်(၂၀၀)ပို့နိုင်တဲ့အင်အား မရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ ရပ်သွားတဲ့ အနေအထားမျိုး သိရပါတယ်။ ဒါပေမဲ့ ဒီမှာ လယ်ယာမြေပုဒ်မ ၃၀ အရ အခြားနည်းသုံးစွဲခွင့် ပြုခွင့်ရတယ်ဆိုပေမယ့်လို့ စီမံကိန်း အကောင်အထည်မပေါ်တဲ့အခါမှာ (၆)လအတွင်း လယ်ယာမြေဥပဒေပုဒ်မ ၃၁ အရ (၆)လအတွင်း ပြန်လည်စိစစ်ပြီးတော့ သိမ်းယူရမယ်ဆိုတဲ့အချက်တွေ ပါတဲ့အခါမှာ ယနေ့တိုင် လေးနှစ်ရှိနေတဲ့အချိန်ထိ ဒီဟာအပေါ်မှာ စီမံခန့်ခွဲမှုမရှိသေးတဲ့အကြောင်းကို ထင်ရှားအောင် ကျွန်တော် ပြသခြင်းဖြစ်ပါတယ်။ အခု ဒီသတင်းကြားတဲ့အရ ဒီဟာကို ကျွန်တော်တို့

ဂရန်ရဖို့အထိ ကြိုးစားနေတယ်လို့လဲ ကျွန်တော်တို့ ကြားရပါတယ်။ ဒါ ရှေ့ကနေ၊ ဘေးကနေပြီးတော့မှ လယ်ယာမြေတွေ တူးပြီးတော့မှ စက်ရုံဆောက်မယ့်နေရာမှာ မြေတွေကို တူးပြီးတော့မှ ဖို့ထားတဲ့ ဘေးကကန်ကိုလည်း ပြချင်လို့ပါ။ ဟုတ်ကဲ့။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ဒီ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်မှာ ဌာနများဟာ ဗရုတ်သုတ်ခ ဖြစ်နေတာလည်း အမှန်ပါပဲ။ စိုက်ပျိုးဧရိယာကို စိုက်ပျိုးရေးဌာနက သန်း(၂၀)ထုတ်ပြန်တယ်။ တစ်ခါတစ်ရံမှာလည်း (၁၈)သန်းလောက် ထုတ်ပြန်တယ်။ ဘယ်ဟာအမှန်လဲလို့ ကျွန်တော် မသိတော့ ပါဘူး။ သေချာတာကတော့ ဒီ ပြောထားသလောက် မရှိတော့တာတော့ သေချာပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ နောင်လည်း စိုက်ပျိုးရေးကို အားထားလျက် တိုးတက်အောင် လုပ်ရအုံးမှာ ဖြစ်ပါတယ်ခင်ဗျား။ တိုင်းပြည်ကို ပြန်လည်ထူထောင်မယ်ဆိုရင် အားလုံး တာဝန်ကိုယ်စီ ယူထားကြတဲ့ ရေပွက်ပမာကာလမှာ ကျွန်တော်တို့ အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ မီဒီယာအားလုံး လက်တွဲညီညီ လုပ်ဆောင်ပြီးတော့မှ အရွှေ့ကို ရွှေ့အောင် ရွှေ့ကြပါစို့လို့ အဆိုကို လေးလေးနက်နက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

နေပြည်တော်မြို့ပတ်လမ်းဘေးရှိ လယ်မြေများ မြင်ကွင်းပုံ (၄)

ပျဉ်းမနားမြို့ရှောင်လမ်းဘေးရှိ ဆောက်လုပ်ဆဲ ဆီဆိုင် မြင်ကွင်းပုံ (ဌ-၁)

ပျဉ်းမနားမြို့ရှောင်လမ်းဘေးရှိ တန် (၂၀၀)ဆန်စက် မြင်ကွင်းပုံ (ဌ-၂)

အချိန်၊ ၁၁းဝ၄။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁းဝ၄။

ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်နှင့် သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်းတင်သွင်းတဲ့ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းချနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများမှာ နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားတဲ့ မြေကွက်များ ပျောက်ဆုံးကုန်ခြင်းစသည်တို့နှင့် အဓိကသက်ဆိုင်တဲ့ စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးမယ့် အစီအမံတစ်ခု အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးရန် အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတစ်ဝန်းမှာ စားကျက်မြေဧက (၇၅၆၀၀၀)ဧကရှိကြောင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း လယ်ယာကဏ္ဍရဲ့ အစီရင်ခံစာမှာ ဖော်ပြပါရှိပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ လက်ပံတန်းမြို့နယ်မှာ ယခင် ကျေးရွာအုပ်စု(၃၀)မှာ စားကျက်မြေဧက (၄၈၀၀)ရှိပြီး ယခု အနည်းငယ်သာ ကျန်ရှိပါတယ်။ ကျန်တဲ့ စားကျက်မြေအားလုံးနီးပါးဟာ စိုက်ပျိုးမြေတွေ၊ ရွာမြေတွေ၊ ငါးမွေးကန်၊ ကုမ္ပဏီပိုင်မြေတွေဖြစ်ကုန်လို့ ကျွဲ၊ နွားစားဖို့ စားကျက်မြေဟာ ဧကအနည်းငယ်လောက်ပဲရှိပါတယ်။ အဓိက ကျွဲ၊ နွားများအတွက် စားရိက္ခာဖူလုံဖို့နဲ့ လွှတ်ကျောင်းဖို့ အင်္ဂလိပ်အစိုးရနဲ့ ယခင်အစိုးရအဆက်ဆက်က အောက်မြန်မာနိုင်ငံအတွက် ၁၈၇၆ ခုနှစ် မြေယာနှင့် အခွန်တော်လက်စွဲ ဥပဒေ၊ အထက်မြန်မာနိုင်ငံအတွက် ၁၉၁၁ ခုနှစ်၊ အထက်မြန်မာနိုင်ငံတော် မြေယာနှင့် အခွန်တော်လက်စွဲ ဥပဒေများဖြင့် စားကျက်မြေများကို ပြဋ္ဌာန်းကာကွယ်စောင့်ရှောက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယား(၃)မှာလဲ စားကျက်မြေများကို ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ ၃၃ နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး ဥပဒေများမှာလည်း စားကျက်မြေများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၇ - ၁၀ - ၂၀၁၅ ရက်စွဲနဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မန်ကျည်းကွင်းကျေးရွာအုပ်စု ကွင်းအမည် နှင့် အမှတ်က ၁၁၅၉/ မန်ကျည်းကွင်း ကွင်းမှ စားကျက်မြေအား စိုက်ပျိုးမြေအတွက် (၁၁၁.၂၀)ဧက၊ ကန်မြေအတွက် (၁၇.၅၁)ဧက၊ အိမ်ခြံမြေအတွက် (၉.၅၁)ဧက၊ ဆည်မြောင်းမြေအတွက် (၅.၂၄)ဧက၊ အခြားမြေအတွက် (၂၀.၁၆)ဧက၊ စုစုပေါင်း (၁၆၃.၆၂)ဧကအား စိုက်ပျိုးရေး၊ ကျေးရွာအုပ်စု မီးလင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ပုဒ်မ ၆၈ အရ ၇-၁၀-၂၀၁၅ ရက်နေ့မှစ၍ စားကျက်မြေအဖြစ်မှ နှုတ်ပယ်လိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမြေပြင် အခြေအနေမှန်ကတော့ စားကျက်မြေဧရိယာအများစုဟာ ကုမ္ပဏီတစ်ခုရဲ့ လက်ဝယ်ကို ရောင်းချဝယ်ယူ ရောက်ရှိသွားခဲ့ပြီး အဲဒီ အဆိုပါ ကုမ္ပဏီက လယ်ယာမြေ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့် ပုံစံ(၇)များ ရရှိသွားခဲ့ခြင်းဖြစ်ပါတယ်။ မူလ စားကျက်မြေအတွင်းက တောင်သူလယ်သမားအများစုဟာ လယ်မဲ့၊ ယာမဲ့ဘဝတွေ ရောက်ရှိသွားရပါတယ်။ မန်ကျည်းကွင်း စားကျက်မြေကို ကုမ္ပဏီကိုရောင်းချရန် မည်သည့်အဆင့်၊ မည်သည့်

အစည်းအဝေးက ဆုံးဖြတ်ခဲ့ကြောင်း၊ စားကျက်မြေ ရောင်းချ၍ ငွေကြေးမည်မျှရရှိကြောင်း၊ မည်သူတွေက ရောင်းချကြောင်း၊ စားကျက်မြေရောင်းချ၍ ရရှိသည့် ငွေကြေးများအနက် နိုင်ငံတော်ပိုင် ငွေစာရင်းထဲကို တရားဝင်မည်မျှ ရောက်ရှိခဲ့ကြောင်း မည်သူမျှ မသိရပါ။ ဒီအချက်ဟာ ဦးမျိုးဝင်းရဲ့ အဆို ပထမပိုင်းဖြစ်တဲ့ မြန်မာနိုင်ငံမှာ လယ်ယာဥယျာဉ်ခြံမြေနဲ့ အခြားမြေတွေကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းကြောင့် စိုက်ပျိုးမြေများ လျော့နည်းလာခြင်းဆိုတဲ့ အဆိုဟာ လက်ရှိ မြေပြင်အခြေအနေရဲ့ ပကတိအရှိတရားဖြစ်လို့ အဆိုကို ထောက်ခံပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခြေအနေမှာ အဓိက တင်ပြလိုရင်းအချက်က Power Point (၃) ရဲ့ အမိန့်ကြော်ငြာစာမှာ ဖော်ပြထားတဲ့ အောက်မြန်မာနိုင်ငံ မြေခွန်နှင့် နည်းဥပဒေ ပုဒ်မ ၆၈ အရ ၇-၁၀-၂၀၁၅ ရက်နေ့မှစ၍ စားကျက်မြေအဖြစ်မှ နှုတ်ပယ်လိုက်သည်ဟူသော ဥပဒေ ကိုးကားတဲ့ စကားရပ်ဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာမှာ ကိုးကားခဲ့တဲ့ ၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံတော် အောက်ပိုင်း မြေယာနှင့်အခွန်တော်လက်စွဲ နည်းဥပဒေပုဒ်မ ၆၈ ရဲ့ မူရင်းဥပဒေအတိုင်း တင်ပြအပ်ပါတယ်။ အဲဒီ မူရင်းဥပဒေမှာ အဓိကကျတဲ့အချက်က ၎င်းကြော်ငြာစာထုတ်ဆင့်ပြီးနောက် ချထားကြောင်း အရေးပိုင်ထုတ်ဆင့်သည့် အမိန့်စာပါ ကျေးရွာနေသူတို့က ၎င်းမြေကို ကျေးရွာ ကျွဲ၊ နွား စားကျက်မြေအဖြစ် အသုံးပြုခွင့်ရသည် ဆိုတဲ့ ဖော်ပြချက်ဖြစ်ပါတယ်။

၁၈၇၆ ခုနှစ် မြန်မာနိုင်ငံတော်အောက်ပိုင်း မြေယာနှင့်အခွန်တော်လက်စွဲ နည်းဥပဒေပုဒ်မ ၆၈ ပြဋ္ဌာန်းချက်ဟာ ကျွဲ၊ နွား စားကျက်မြေအဖြစ်က ပယ်ဖျက်တဲ့အမိန့် လုံးဝမဟုတ်ပါဘူး။ ကျွဲ၊ နွား စားကျက်မြေအဖြစ် တည်ထောင်အသုံးပြုခွင့်ပြုတဲ့ နည်းဥပဒေမျှသာ ဖြစ်ပါတယ်။ ဥပဒေကို အလွဲသုံးစားခြင်း ဖြစ်ခဲ့တယ်ဆိုတာ ထင်ထင်ရှားရှား မြင်သာတဲ့အချက်ဖြစ်ပါတယ်။ ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သင်တောရိုးကျေးရွာက လယ်ယာမြေ၈က (၃၀၀)ကို ၁၉၉၀-၉၁ ခုနှစ် ကခလရ ၃၅ မှ သိမ်းယူခဲ့ပြီးနောက် မူလလက်ငုတ်လယ်သမားများက ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေး အတွက် နိုင်ငံတော်အစိုးရထံ အသနားခံတင်ပြခဲ့ရာ ၁၆-၉-၂၀၁၃ နေ့က ကာကွယ်ရေးဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်ပေးခဲ့ပါတယ်။ ဒီလို ပြန်လည်စွန့်လွှတ်ပေးခဲ့သော်လည်းပဲ သာယာဝတီမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီများက စနစ်တကျ စိစစ်မှုမရှိဘဲ မူလလက်ငုတ်လယ်သမားများ မဟုတ်တဲ့ မသက်ဆိုင်သူတွေကို လယ်ယာမြေ ပုံစံ(၇)များ ထုတ်ပေးခဲ့ခြင်းဟာ သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ရဲ့ အဂတိနှင့် အလွဲသုံးစားမှုများ ဖြစ်တယ်ဆိုတာ မူလတောင်သူလယ်သမား (၃၁)ဦး တရားရုံးများမှာ ကျူးကျော်မှုများနှင့် တရားစွဲဆိုခံရခြင်းက ထင်ရှားပေါ်ပေါက်ပါတယ်။ အခုအချိန်အထိလည်း ဒီ တောင်သူလယ်သမား (၃၁)ဦးဟာ စားဝတ်နေရေး လွန်စွာမှ ဒုက္ခရောက်နေကြရတယ်။ ဒီအချက်များဟာ ဦးမျိုးဝင်း ရဲ့ အဆို တတိယပိုင်း ဖြစ်တဲ့ အဓိကသက်ဆိုင်တဲ့ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ရဲ့ လျော့ရဲပြီး အဂတိမကင်းတဲ့ လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မယ့် အစီအမံတစ်ခု အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့တဲ့အတွက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

၁၈၇၆ ခုနှစ် နှင့် ၁၉၁၁ ခုနှစ် မြေယာနှင့်အခွန်တော် လက်စွဲဥပဒေ ပြုပုံ (၆)

၁၈၇၆- ခုနှစ်
မြန်မာနိုင်ငံတော်အောက်ပိုင်း
မြေယာနှင့်အခွန်တော်
လက်စွဲ ဥပဒေ

၁၉၁၁-ခုနှစ်
မြန်မာနိုင်ငံတော်အထက်ပိုင်း
မြေခွန်တော်
လက်စွဲ ဥပဒေ

စားကျက်မြေအဖြစ်မှ ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာပုံ (၆-၁)



ကန့်သတ်
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့
အမိန့်ကြော်ငြာစာ
၁၃၇၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၉)ရက်
၂၀၁၅ - ခုနှစ်၊ အောက်တိုဘာလ (၇)ရက်

အမှတ် (၃)။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပ်တန်းမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်- ၁၁၅၉/ မကျီးကွင်းမှ စားကျက်မြေအား စိုက်ပျိုးမြေအတွက် (၁၁၁.၂၀) ဧက၊ ကန်မြေအတွက် (၁၇.၅၁)ဧက၊ အိမ်ခြံမြေအတွက်(၉.၅၁)ဧက၊ ဆည်မြောင်းမြေအတွက် (၅.၂၄)ဧကနှင့် အခြားမြေအတွက်(၂၀.၁၆)ဧက၊ စုစုပေါင်း(၁၆၃.၆၂)ဧကအားစိုက်ပျိုးရေး၊ ကျေးရွာအုပ်စုမီးလင်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၁.၉.၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ်-၁၇(ဌ)ဖြင့် သဘောတူခွင့်ပြုခဲ့သဖြင့် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်-နည်းဥပဒေ ၆၈ အရ (၇.၁၀.၂၀၁၅)ရက်နေ့ မှစ၍ စားကျက်မြေအဖြစ်မှ နှုတ်ပယ်လိုက်သည်။

စားကျက်မြေအဖြစ်မှ နှုတ်ပယ်လိုက်သည့်ဧရိယာအတိုင်း ခွင့်ပြုနည်းလမ်းများနှင့်အညီ အသုံးပြုရန်နှင့် ပျက်ကွက်ပါက ပယ်ဖျက်ခြင်းခံရမည်။

ကျော်စိုး၊ (ဝ/၅၇၅၆)
ဧရိယာအုပ်ချုပ်ရေးမှူး
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့

စာအမှတ်၊ ၄ / ၂ - ၉၅ (၈၉၈) / ဦး၁ (အထဥ)
ရက်စွဲ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

၁၈၇၆ ခုနှစ်၊ မြေယာနှင့်အခွန်တော်လက်စွဲ နည်းဥပဒေပုဒ်မ ၆၈ ပြဋ္ဌာန်းချက်ပုံ (၆-၂)


(၆)။ ။ဂင်းမြေ ချထားချက်ကို သတ်သာ မတူကြောင်းနှင့် လာ
ရောက် ထစုံထရာကန့်ကွက် လျှောက်ထားချက်များကို အရေးပိုင်က
ဆုံးဖြတ်နေကာ်။ သို့မဟုတ်ထစုံတရာ ကန့်ကွက်လျှောက်ထားမရှိ
လျှင်။သင့်လျော်သည်ထင်မြင်သည့်အတိုင်းထင်ပံ့စံ့ဆေးမေးမြန်းပြီး
နေကာ်။ဂင်းမြေအလုံးကိုဖြစ်စေ။တစိတ်တဒေသကိုဖြစ်စေ။ စားကျက်
မြေအဖြစ်ချထားရန်သင့်လျော်သည်ထင်မြင်လျှင်၊သည်ကဲ့သို့ထင်မြင်
သည့်အတိုင်း။မြေဧရိယာအကျယ်မည်မျှချထားကြောင်း။ မည်သည့်
ရွာများအကျိုးငှါချထားကြောင်းများနှင့် အမှန်ထုတ်ဆင့်ရမည့်ပြင်။
သတ်မှတ်သားရှိသည့်မှတ်ပုံစာရင်းစာအုပ်တွင်လည်း။ ဂင်းစားကျက်
မြေကို ထည့်သွင်း ရေးမှတ် ပြီးလျှင်။ ဂင်းစားကျက် မြေကို အပြီး
သတ်နယ်နိမိတ်များ ပိုင်းခြား သတ်မှတ် ထားစေ၍။ ဤဋ္ဌာန်း သတ်
မှတ်သည့် ပုံစံအတိုင်းအပြီးသတ်ချထားကြောင်း ကြေငြာစာထုတ်
ဆင့်ရမည်။ ဂင်းကြေငြာစာ ထုတ်ဆင့်ပြီးနောက်။ ချထားကြောင်း
အရေးပိုင်ထုတ်ဆင့်သည့် အမှန်စာပါတျောရှာနေ့သူတို့က။ ဂင်းမြေ
ကို ထွဲ့ချွန်းစားကျက်မြေအဖြစ်အသုံးပြုခွင့်ရသည်။ ဝန်ရှင်တော်မင်း
ကြီးဆင့်ဆိုမရှိမီလည်း။ ထခြားမည်သည့်ကိစ္စတစုံတရာနှင့်မျှလက်ရှိ
လုပ်ကိုင်လျှအခ်ချထားခြင်းများမရှိစေရ။

ဖြေရှင်း ၁
ဖြေရှင်းထုံး ၆
နှ၊ ၃၅၃
ဖြေရှင်း ၃
ရှ။၇
နှ၊ ၄၀၇

အချိန်၊ ၁၁:၁၁။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ၁၇-စ-၂၀၁၈ ရက် သောကြာနေ့မှာ ကျင်းပမယ့် ဒသမနေ့ အစည်းအဝေးမှာ ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် ဒသမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၁:၁၂။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၁၇ ရက်(သောကြာနေ့)နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၁:၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]